# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ -၁၈၂)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ သောကြာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၂၃)


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု "World's Best Rice -2026" ရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆



### ပေးအပ်ချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေး**

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ခန့်မှန်းထားသည်။

မြန်မာ့အလင်း

## နမ့်ပC အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



မုံရွာ အောက်တိုဘာ ၂၂

"နမ့်ပC" အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး တည်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်း

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ယနေ့ ဗဟိုစာမျက်နှာ

### ဘားအံလေဆိပ်သို့ ပုံမှန်လေကြောင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲနိုင်ရေး ကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန်လေယာဉ်များ ဆင်းပေး၍

လွှတ်တော်ရေးရာ စာ ၈

### ခေတ်မီဥပဒေအရာရှိ သို့မဟုတ် S.M.A.R.T Law Officer

ဆောင်းပါး စာ ၁၄




# ဂုဏ်ယူမြတ်နိုးစွာ ထမ်းဆောင်ကြရမည့်တာဝန်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများက ဩဝါဒခံယူပွဲ ကျင်းပပြီးနောက် မကြာခင်သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်သည်။

နှစ်ပေါင်း ၆၀ ကျော်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ပညာသင်ယူခဲ့ကြသည့် မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တိုင်းရင်းသားလူငယ်မောင်မယ် ကျောင်းသား ကျောင်းသူများသည် အမိတက္ကသိုလ်မှ သင်တန်းဆင်းသည့်အခါ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် ကျရာဒေသအသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများဖြစ်လာကြမည့် တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်မောင်မယ်များအပေါ် နိုင်ငံတော်က ယုံကြည်စွာအပ်နှံလိုက်သည့် တာဝန်များမှာ နိုင်ငံအတွက် အရေးကြီးသလို ဂုဏ်ယူမြတ်နိုးစွာ ထမ်းဆောင်ကြရမည့် တာဝန်များလည်းဖြစ်သည်။

အဓိကအကျဆုံးတာဝန်မှာ မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး တာဝန်ကျရာဒေသမှ ကျောင်းသားလူငယ်များ၏ အနာဂတ်၊ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကိုပါ ပုံဖော်ပေးရန်ဖြစ်သည်။ ဒုတိယတာဝန်မှာ တာဝန်ကျရာ ဒေသသို့ရောက်သည့်အခါ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ ကျောင်းပြင်ပရောက်ရှိနေသူများ ပြန်လည်ပညာသင်ယူနိုင်ရေးနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

ထို့အပြင် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး သင်ကြားရေးစွမ်းရည်များ မြှင့်တင်နေကြရန်နှင့် အလွတ်ကျက်မှတ်စေခြင်း နည်းလမ်းကိုသာမက တပည့်များ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများ တိုးတက်လာအောင် လမ်းညွှန်ပေးရန် ဖြစ်သည်။ မိမိတို့ တာဝန်ကျရာကျောင်းများမှ စည်းကမ်းရှိပြီး တာဝန်သိသည့် လူငယ်များ ပေါ်ထွန်းလာရေးနှင့် တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် ကိုယ်တိုင်စံနမူနာပြပြီး ဆောင်ရွက်ကြရန်သည်လည်း အရေးကြီးသည့် တာဝန်များဖြစ်သည်။

ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ ဖြစ်လာကြမည့် မောင်မယ်တို့သည် တာဝန်ကျရာဒေသမှ ရွက်ပုန်းသီးလူငယ်များ၏ အရည်အချင်းများကို ဖော်ထုတ်ပေးရန်၊ တပည့်များကို ပညာရည်ပြည့်ဝရုံသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလ ဟူသည့် ဗလငါးတန်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင်ပြုစုပျိုးထောင်ပေးရန်၊ ဆရာဝတ်ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး တပည့်များကို အမှား အမှန် ခွဲခြားသိမြင်နိုင်ပြီး လူမှုကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် လူငယ်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် ဖြစ်သည်။

မိမိတို့နိုင်ငံသည် အမျိုးသားပညာရေးမြှင့်တင်မှုကို မဖြစ်မနေပြုလုပ်သွားရန် လိုအပ်လျက်ရှိနေရာ ကျေးလက်ဒေသများနှင့် တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် တာဝန်ထမ်းဆောင်ကြရမည့် ဆရာ၊ ဆရာမတို့၏ အခန်းကဏ္ဍမှာ လွန်စွာ အရေးပါသည်။ အဆိုပါဒေသများရှိ ဒေသခံပြည်သူများအတွင်း ပညာသင်ယူမှုနှင့် ပညာရေးအပေါ် ခံယူချက်များ မှန်ကန်လာစေရန် ဆရာ၊ ဆရာမများက စည်းရုံးလမ်းပြပေးနိုင်ရန်လိုသည်။

“ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း” နိုင်ငံတော်သမ္မတက ဩဝါဒ အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ရာ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးသည် ဆရာ၊ ဆရာမတို့ ပါဝင်ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

နိုင်ငံတော်က ပညာရေးကဏ္ဍကို အလေးထား ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးအသုံးစရိတ်ကို လာမည့်နှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်ရန်၊ နောက်တစ်နှစ်ကျော်တွင် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်နှင့် လက်ရှိအစိုးရ တာဝန်ယူဆောင်ရွက်သည့် ကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားရာ ပညာရေးကဏ္ဍမှ စွမ်းရည်မြင့်မားထက်မြက်သည့် ဆရာ၊ ဆရာမများ၏ စွမ်းဆောင်မှုများဖြင့်ပေါင်းစပ်၍ မြန်မာ့ပညာရေးသည် အဆင့်အတန်းတစ်ရပ်သို့ ရောက်ရှိ မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## (၂၂-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၅ ~ ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၈,၂၅၇,၂၅၂.၉၈ | ၅,၄၈၈,၀၆၅.၄၂ | ၂၉,၆၆၆,၂၀၀.၇၆ | ၂၃,၀၃၄,၀၀၀.၀၀ |

**၂၂ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ - ၁၀ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၁၅ | ၄၈၇၀ | ၄၈၂၀ | ၄၇၃၀ | ၄၈၇၅ | ၄၈၉၀ | ၄၉၂၅ | ၄၈၀၀ | ၅၁၇၀ | ၅၂၀၀ | ၄၈၂၀ | ၄၉၈၀ | ၄၉၁၅ | ၄၈၇၀ | ၄၈၈၀ | ၅၁၁၀ |
| 95 Ron | ၄၈၃၅ | ၄၉၉၀ | ၄၉၄၀ | ၄၈၅၀ | ၄၉၉၅ | ၅၀၁၀ | ၅၀၄၀ | ၄၉၂၀ | ၅၂၉၀ | ၅၃၂၀ | ၄၉၄၀ | ၅၀၉၅ | ၅၀၃၀ | ၄၉၉၀ | ၅၀၀၀ | ၅၂၃၀ |
| HSD (500 ppm) | ၄၄၄၅ | ၄၅၉၀ | ၄၅၄၅ | ၄၄၆၀ | ၄၅၉၅ | ၄၆၁၀ | ၄၆၄၀ | ၄၅၂၅ | - | ၄၉၀၅ | ၄၅၄၅ | ၅၁၃၀ | ၄၆၃၀ | ၄၅၉၀ | ၄၆၀၀ | ၄၈၂၀ |
| HSD (50 ppm) | ၅၃၇၅ | ၅၅၃၀ | ၅၄၈၀ | ၅၃၉၀ | ၅၅၃၅ | ၅၅၄၅ | ၅၅၈၀ | ၅၄၆၀ | ၅၈၃၀ | ၅၈၅၅ | ၅၄၈၀ | ၅၆၇၀ | ၅၅၇၀ | ၅၅၃၀ | ၅၅၄၀ | ၅၇၇၀ |
| HSD (10 ppm) | ၅၃၇၅ | ၅၅၃၀ | ၅၄၈၀ | ၅၃၉၀ | ၅၅၃၅ | ၅၅၄၅ | ၅၅၈၀ | ၅၄၆၀ | | ၅၈၅၅ | ၅၄၈၀ | ၅၆၇၀ | ၅၅၇၀ | ၅၅၃၀ | ၅၅၄၀ | ၅၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၈၆ | ၄၆၁၀ |
| 95 Ron | ၄၆၀၂ | ၄၇၂၇ |
| HSD (500 ppm) | ၄၂၃၆ | ၄၃၅၀ |
| HSD (50 ppm) | ၅၁၂၃ | ၅၂၅၆ |
| HSD (10 ppm) | ၅၁၂၃ | ၅၂၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၁၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com


MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု ''World's Best Rice –2026'' ရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**✳ မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ်ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်၊ ယခုအောင်မြင်မှုသည် မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့စပါးမျိုးရင်းများ၏ ထူးခြားသည့်အရည်အသွေးနှင့် တောင်သူလယ်သမားများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာကအသိအမှတ်ပြုလိုက်ခြင်းဖြစ်**

**✳ ယခုရရှိခဲ့သည့် အောင်မြင်မှုကိုအခြေခံပြီး မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေးကို ပိုမိုမြှင့်တင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်တွင် ခိုင်မာစွာရပ်တည်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် တိကျသေချာသည့် ရည်မှန်းချက်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**

◆ *ရွှေဖုံးမှ*

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူလယ်သမားများ၊ မြန်မာပေါ်ဆန်းထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရရှိသည့် မြန်မာပေါ်ဆန်းအား ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လူငယ်မောင်မယ်လေးများက "လယ်ယာမြင့်မှ စီးပွားမြင့်မယ်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သာမက နိုင်ငံသူ နိုင်ငံသားများအတွက်ပါ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အောင်မြင်မှုတစ်ရပ်ကို ဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ပေါ်ဆန်းဆန်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် ဆွေးနွေးတိုင်ပင်ကြမည့် အလုပ်ရုံဆွေးနွေးပွဲလည်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလ ၉ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာဆန်စပါးညီလာခံတွင် **မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice–2026) ကို ဒုတိယအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်းသည်** မိမိတို့တစ်နိုင်ငံလုံးအတွက် ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုတစ်ရပ်လည်းဖြစ်ကြောင်း၊ မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အဆင့်အတန်းမီ ဆန်မျိုးကောင်းဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာဈေးကွက်တွင် သတင်းမှိန်ခဲ့ရကြောင်း၊ ထို့ကြောင့် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းရမည်ဟု သတ်မှတ်ပြီး ကမ္ဘာ့ဈေးကွက်ဝင်နိုင်ရေးအတွက် လှုံ့ဆော်ခဲ့ရာတွင် တာဝန်ရှိသူအသီးသီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယခုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရခြင်းလည်း ဖြစ်ကြောင်း၊ ထိုဆုကို ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်ရရှိခဲ့ပြီး ယခု ၁၅ နှစ်အကြာတွင် ဒုတိယအကြိမ်ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာ့ပေါ်ဆန်း၏ အရည်အသွေး၊ မွှေးရနံ့နှင့် အရသာတို့ကို နိုင်ငံတကာက ထပ်မံအသိအမှတ်ပြုလိုက်ခြင်းပင် ဖြစ်ကြောင်း။

**သဘာဝအမွေအနှစ်တစ်ရပ်ဖြစ်**

မိမိတို့နိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက စပါးစိုက်ပျိုးထုတ်လုပ်လာခဲ့သည့် သမိုင်းကြောင်းရှိပြီး စပါးမျိုးဗီဇအရင်းအမြစ် ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ပေါ်ဆန်းမွှေး၊ ငကျွဲ စသည့် မွှေးရနံ့နှင့် စားသုံးမှုအရည်အသွေးကောင်းမွန်သည့် စပါးမျိုးကွဲများကို ပိုင်ဆိုင်ထားခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့ပေါ်ဆန်း၏ မူရင်းဒေသသည် ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ၁၉၄၄ ခုနှစ်က မြောင်းမြစိုက်ပျိုးရေးခြံတွင် မျိုးရွေးချယ်စိုက်ပျိုးမွေးမြူသည့် နည်းစနစ်ဖြင့် ပေါ်ဆန်းမွှေးမျိုးကို စတင်မွေးမြူခဲ့ခြင်းဖြစ်သဖြင့် ယနေ့ဆိုပါက နှစ်ပေါင်း ၈၀ ကျော်ကြာ သမိုင်းကြောင်းရှိလာပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဒေသအလိုက် မျိုးကွဲများ ဖြစ်ထွန်းလာခဲ့ပြီး မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ရေကြည်နှင့် ရွှေဘိုပေါ်ဆန်းတို့သည် ထူးခြားသည့် အရသာနှင့် မွှေးရနံ့တို့ကြောင့် လူသိများလာကြကြောင်း။

ကမ္ဘာ့ဆန်စပါးဈေးကွက်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတကာတွင် ဂျပန်နိုင်ငံ၏ အရည်အသွေးမြင့်ဆန်များ၊ ထိုင်းနိုင်ငံ၏ Hom Mali ဆန်၊ အိန္ဒိယနိုင်ငံ၏ Basmati ဆန်နှင့် ဗီယက်နမ်နိုင်ငံ၏ ST25 တို့သည် သက်ဆိုင်ရာနိုင်ငံ၏ ထူးခြားသည့် ဆန်အမျိုးအစားများအဖြစ် အသိအမှတ်ပြုခံရပြီး ဈေးကွက်တန်ဖိုးတစ်ရပ်ကို တည်ဆောက်ထားနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့ပေါ်ဆန်းသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သည့် အမျိုးသားအဆင့် အရည်အသွေးမြင့်ထုတ်ကုန်တစ်ခု (National Brand) ဖြစ်လာစေရန် မိမိတို့အားလုံး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်သွားရောက်ခဲ့သည့် (ရုရှား၊ တရုတ်၊ ဗီယက်နမ်) နိုင်ငံခြားခရီးစဉ်များ၌လည်း နှစ်နိုင်ငံစီးပွားရေးဖိုရမ်များတွင် အခွင့်အခါကြုံသည့်အခါများတွင် မြန်မာ့ပေါ်ဆန်းဆန်အကြောင်း တန်ဖိုးမြှင့်ဖော်ထုတ်ပေးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက ဆန်စပါးထုတ်လုပ်တင်ပို့မှုတွင် ထင်ရှားခဲ့ပြီး **"အာရှတိုက်၏ ဆန်အိုးကြီး"** ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ **၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် တစ်နိုင်ငံလုံး ပေါ်ဆန်းစပါး ဧက ၁ ဒသမ ၃ သန်းခန့် စိုက်ပျိုးခဲ့ပြီး တင်းပေါင်း ၇၈ သန်းကျော် ထွက်ရှိခဲ့သည်ဟု သိရကြောင်း**၊ အရည်အသွေးမြင့်ပေါ်ဆန်းဆန်များကို Premium Rice အဖြစ် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအတွက်လည်း ထိုက်တန်သည့် ဈေးနှုန်းနှင့် ဝင်ငွေရရှိစေနိုင်မည် ဖြစ်ကြောင်း။

**စနစ်တကျ ရွေးချယ်ထုတ်လုပ်ဖြန့်ဖြူး**

မြန်မာ့ပေါ်ဆန်း၏ အရည်အသွေးကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေးထိန်းသိမ်းရေးတို့သည် အလွန်အရေးကြီးကြောင်း၊ ဆန်အရည်အသွေးထိန်းနိုင်ရန်အတွက် မြေနှင့်ရာသီဥတုသည် အထူးပင်အရေးကြီးသဖြင့် အလေးထားရန်လိုကြောင်း၊ ရေမြေ၊ ရာသီဥတု၊ အထွက်နှုန်း၊ စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို အခြေခံပြီးသင့်လျော်သည့် မျိုးများကို စနစ်တကျရွေးချယ်ထုတ်လုပ် ဖြန့်ဖြူးသွားရမည်ဖြစ်ကြောင်း၊ ကျန်မျိုးကွဲများကိုလည်း အနာဂတ်မျိုးမွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့ဘဏ်တွင် စနစ်တကျထိန်းသိမ်းထားရန် လိုအပ်ကြောင်း။

အဆိုပါလုပ်ငန်းစဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး သုတေသီများ၊ ပညာရှင်များ၊ တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်း၌ စိုက်ပျိုးချိန်၊ ရေသွင်းရေထုတ်ခြင်း၊ မြေဆီလွှာပြုပြင်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းများတွင် သိပ္ပံနည်းကျနည်းပညာများအသုံးချပြီး ထုတ်လုပ်မှုစရိတ်လျှော့ချရေးနှင့် အရည်အသွေးတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် Digital Agriculture၊ Precision Agriculture နှင့် အချက်အလက်အခြေပြု စိုက်ပျိုးရေးနည်းပညာများကို မိမိတို့နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီအောင် အဆင့်လိုက်အသုံးချသွားရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ဆွေးနွေးတိုင်ပင်ပြီး အဆင့်လိုက် Action Plan များ ရေးဆွဲသွားကြရန်လိုကြောင်း။

သုတေသနကဏ္ဍတွင်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ JICA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များမှ ရာသီမရွေးစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းမွန်ရန် **"ရေဆင်းပေါ်ဆန်း–၁"** နှင့် **"ရေဆင်းပေါ်ဆန်း–၂"** မျိုးသစ်များကို မွေးမြူထုတ်လုပ်နိုင်ခဲ့သည်ကို အသိအမှတ်ပြုကြောင်း၊ အဆိုပါရလဒ်များကို တောင်သူများ၏ လယ်ကွင်းများအထိရောက်ပြီး အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ သို့မှသာ သုတေသနလုပ်ငန်းများ၏ အကျိုးကျေးဇူးကို တောင်သူများနှင့် မိမိတို့ပြည်သူများ အပြည့်အဝခံစားရမည် ဖြစ်ကြောင်း။

**ဈေးကွက်အာမခံချက် ပိုမိုရရှိလာစေမည်**

ယခုအောင်မြင်မှု၏ အဓိကမောင်းနှင်အားသည် လယ်ကွင်းထဲ၌ ကြိုးစားစိုက်ပျိုးခဲ့ကြသည့် တောင်သူလယ်သမားကြီးများ၏ လုပ်အားနှင့် စေတနာများကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူဦးကြီးများအားလုံးကို အထူးဂုဏ်ပြုချီးကျူးလိုကြောင်း၊ ယခုရရှိခဲ့သည့်ဆုသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ရန်လိုကြောင်း၊ ထို့အတွက် အရည်အသွေးမြင့်စပါးထုတ်လုပ်နိုင်ရုံဖြင့် မလုံလောက်ကြောင်း၊ ထိုက်တန်သည့် ဈေးနှုန်းရရှိရန်၊ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် ဈေးကွက်ကို တိုက်ရိုက်ချိတ်ဆက်နိုင်ရန်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် တောင်သူအစုအဖွဲ့များဖွဲ့စည်းပြီး စုပေါင်းစိုက်ပျိုး၊ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချသည့်စနစ်ကို အားပေးဆောင်ရွက်သင့်ကြောင်း၊ ထွက်ရှိလာမည့် စပါးများကိုလည်း ကြိုတင်ဝယ်ယူရေးစာချုပ်များမှတစ်ဆင့် ဆန်စက်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များထံ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်မည်ဆိုပါက တောင်သူများအတွက် ဈေးကွက်အာမခံချက် ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ တောင်သူ၊ ကုန်သည်၊ ဆန်စက်လုပ်ငန်းရှင်နှင့် ပို့ကုန်လုပ်ငန်းရှင်များအကြား ခိုင်မာသည့် တန်ဖိုးကွင်းဆက်တစ်ခု တည်ဆောက်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

ယနေ့ နိုင်ငံတကာဆန်ဈေးကွက်တွင် ထုတ်လုပ်မှုပမာဏ မြှင့်တင်ရန်လိုအပ်သကဲ့သို့ အရည်အသွေး၊ အစားအစာဘေးကင်းလုံခြုံမှု၊ ထုပ်ပိုးမှုနှင့် ကုန်အမှတ်တံဆိပ်အပေါ်ယုံကြည်မှုတို့သည် အရေးကြီးလာကြောင်း၊ ထို့ကြောင့် **"မြန်မာ့ပေါ်ဆန်း"** အမည်ကို နိုင်ငံတကာတွင် ပိုမိုအသိအမှတ်ပြုလာစေရန် အရည်အသွေးတည်ငြိမ်မှု၊ မူရင်းဒေသအတည်ပြုနိုင်မှုနှင့် စားသုံးသူယုံကြည်မှု တည်ဆောက်နိုင်ရေးတို့ကို အခြေခံသည့် ကုန်အမှတ်တံဆိပ် မဟာဗျူဟာတစ်ရပ် ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပေါ်ဆန်းအမည်ဖြင့် ရောင်းချသည့် ထုတ်ကုန်များတွင် မျိုးကွဲရောနှောမှုနှင့် အရည်အသွေးမမှန်ကန်မှုများမရှိစေရန်လည်း ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်၏ ဂုဏ်သတင်းကို ကာကွယ်ရန်အတွက် ပထဝီဒေသဆိုင်ရာ အညွှန်းအမှတ်အသားစနစ်များကိုလည်း လေ့လာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မြန်မာ့ဆန်စပါးကဏ္ဍတစ်ခုလုံး၏ အကျိုးစီးပွားကို ကာကွယ်ခြင်းလည်းဖြစ်ကြောင်း။

**အားကောင်းလာအောင် ဆောင်ရွက်**

မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန် ထုတ်လုပ်မှုပမာဏ တိုးမြှင့်ခြင်းအပြင် အစားအစာဘေးကင်းလုံခြုံရေး၊ အရည်အသွေးစံချိန်စံညွှန်းနှင့် ကုန်အမှတ်တံဆိပ်အပေါ်ယုံကြည်မှုတို့ကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Good Agricultural Practices (GAP)၊ Good Manufacturing Practices (GMP) နှင့် HACCP စသည့်စနစ်များကို လိုအပ်ချက်အလိုက် အသုံးချပြီး အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းများနှင့် အာမခံစနစ်များကို အားကောင်းလာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုတွင် သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးထားရုံနှင့် Organic Product အဖြစ် အလိုအလျောက် အသိအမှတ်ပြုခြင်းခံရမည် မဟုတ်သည့်အတွက် သက်ဆိုင်ရာစံချိန်စံညွှန်းများဖြင့် စစ်ဆေးအတည်ပြုမှုများကိုလည်း ပြည့်မီအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

**"မြန်မာ့ပေါ်ဆန်း"** အမည်ဖြင့် ရောင်းချသည့် ဆန်များတွင် ဈေးကွက်ခိုင်မာစွာရှိနေရေးအတွက် မျိုးကွဲရောနှောခြင်းများ၊ အရည်အသွေး မမှန်ကန်ခြင်းများ မရှိစေရန် အားလုံးပါဝင်ထိန်းသိမ်းကြရမည်၊ နိုင်ငံတကာဈေးကွက်အသစ်များကိုလည်း ဆက်လက်ရှာဖွေချဲ့ထွင်ပြီး အွန်လိုင်းဈေးကွက်၊ နိုင်ငံတကာအစားအစာပြပွဲများနှင့် ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းများမှတစ်ဆင့် စားသုံးသူအသစ်များဆီရောက်ရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆန်တင်ပို့မှုရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင်လည်း အရည်အသွေးမြင့်ဆန်များ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်မှု၊ အရည်အသွေးမြင့် စိုက်ပျိုးဧက၊ ထုတ်လုပ်မှုစရိတ်၊ တောင်သူဝင်ငွေဖြင့် နိုင်ငံတကာဈေးကွက်ရရှိမှုတို့ကိုအခြေခံပြီး လက်တွေ့အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်းပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**ကမ္ဘာက အသိအမှတ်ပြုလိုက်ခြင်းဖြစ်**

မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ်ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့စပါးမျိုးရင်းများ၏ ထူးခြားသည့်အရည်အသွေးနှင့် တောင်သူလယ်သမားများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာက အသိအမှတ်ပြုလိုက်ခြင်းဖြစ်ကြောင်း။

အဆိုပါအောင်မြင်မှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

**ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်**

ယခုရရှိခဲ့သည့် အောင်မြင်မှုကိုအခြေခံပြီး မြန်မာ့ပေါ်ဆန်းဆန်၏ အရည်အသွေးကို ပိုမိုမြှင့်တင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်တွင် ခိုင်မာစွာရပ်တည်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် တိကျသေချာသည့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

**"မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်"** ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့အောင်မြင်မှုအဖြစ် ပြောင်းလဲနိုင်ရန် အစိုးရ၊ ပုဂ္ဂလိက၊ ပညာရှင်နှင့် တောင်သူဦးကြီးများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာပေါ်ဆန်းပို့ကုန်မြှင့်တင်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ ဖွံ့ဖြိုးရေးစဉ်ဆက်မပြတ် ကြိုးပမ်းမှုကဏ္ဍနှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ စသည့်ကဏ္ဍအသီးသီးတို့မှ တာဝန်ရှိသူများနှင့် တောင်သူများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "World's Best Rice – 2026" ဆုအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာပေါ်ဆန်းဆုရရှိမှုအခြေအနေနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက မြန်မာပေါ်ဆန်း ပါဝင်ယှဉ်ပြိုင်မှုနှင့် ဆုရရှိမှုအား ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် 2026 International World Rice Conference ကျင်းပခဲ့သည့် Video မှတ်တမ်းအား ကြည့်ရှုကြသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဆန်ဆုကို "မြန်မာပေါ်ဆန်း" က ရရှိမှုအထိမ်းအမှတ်အဖြစ် ဂါရဝပြုလက်ဆောင်အား နေရာအရောက် ပေးအပ်သည်။

ထို့နောက် ဆန်စပါးမျိုးစေ့ကဏ္ဍအတွက် အရင်းမပျောက်ရန်ပုံငွေမှ ၁ ဒသမ ၂၅ ဘီလီယံကျပ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ပေါ်ဆန်းမျိုးစေ့ထုတ်လုပ်ငန်းများအတွက် အရင်းမပျောက်ရန်ပုံငွေ ၁ ဘီလီယံကျပ်၊ Center of Excellence (CoE)အဖြစ် ပေါ်ဆန်းမျိုးစေ့ထုတ်နှင့် သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်ရန် သရောင်းချောင်းခြံ(ပုသိမ်)နှင့် မြောင်းမြသုတေသနခြံတို့အား ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်မွမ်းမံခြင်းအတွက် ၁ ဘီလီယံကျပ်၊ စုစုပေါင်း ၃ ဒသမ ၂၅ ဘီလီယံကျပ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းထံ ပေးအပ်သည်။

ယင်းနောက် ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်မှုတင်ပို့ရောင်းချသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးရန်လိုအပ်မှု၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးတောင်သူများအား နိုင်ငံတော်မှ ချီးမြှင့်ပေးမှုများအတွက် ကျေးဇူးတင်စကားတို့ကို ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာပေါ်ဆန်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ ပြခန်း၊ မြန်မာပေါ်ဆန်း၊ ပေါင်းဆန်၊ ဆန်ဖြူနှင့် ဆန်ကွဲ ပြည်ပတင်ပို့မှု မှတ်တမ်းဓာတ်ပုံများပြခန်း၊ စပါးသီးနှံသုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု ပြခန်း၊ ပဲသီးနှံ၊ ပြောင်းသီးနှံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သုံးသီးနှံများ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုပြခန်း၊ ရော်ဘာ၊ ဆီအုန်းနှင့် ကော်ဖီသီးနှံများ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။**

❖ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယသမ္မတသည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပရိသတ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု "မန်းရွှေဝိဓူရ" ဇာတ်တော်ကြီးအဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနိမ့်အမြင့်အလိုက် ရေးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် "အဆိုပညာ"ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် "အငိုပညာ" ရပ်နှင့် နားထောင်ရသူစွဲမက်စေမည့် "အပြောပညာ" ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက် မှန်ကန်စွာ မြန်မာ့ရိုးရာသဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်ကြသည်။

ဝိဓူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့် မကောင်းသောအကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို ပွားများနိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

**သရုပ်ဖော်ယှဉ်ပြိုင်ခဲ့**

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "ဝိဓူရ" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင်ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း ယနေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိဓူရဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း သရုပ်ဖော်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက်ပါဝင် သရုပ်ဖော် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို အား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သွားရောက်တွေ့ဆုံ

**မင့်စ် အောက်တိုဘာ ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကို အား ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**



အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ်နာတာလျာ ကိုချန်နိုဗာနှင့် အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr. Sergei ALEINK တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံအစိုးရအဖွဲ့ချင်းသာမက နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပူးပေါင်း၍ ကဏ္ဍစုံကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်နေမှု၊ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်နားလည်မှုနှင့် အားပေးကူညီမှုများကို နှစ်နိုင်ငံအတွက်သာမက နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂ မျက်နှာစာတွင်ပါ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU)၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)နှင့် BRICS တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဆက်လက်ကူညီ ထောက်ခံပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် Great Stone China–Belarus Industrial Park သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ Great Stone China–Belarus Industrial Park တွင် ခေတ်မီနည်းပညာများ အသုံးပြုသော သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာများ၊ "One Station" ဝန်ဆောင်မှုရုံးများ၊ ကုန်သွယ်မှုပြပွဲနှင့် ကုန်စည်ပို့ဆောင်ရေးစင်တာများ၊ အလုပ်သမားထောင်ပေါင်းများစွာ နေထိုင်နိုင်သည့် လူနေအိမ်ရာများ တည်ရှိကြောင်း၊ တရုတ်၊ ဘယ်လာရုစ်၊ ရုရှားနှင့် ဥရောပသမဂ္ဂ (EU) နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများစွာက လာရောက်ရင်းနှီးမြှုပ်နှံကြပြီး မှတ်ပုံတင်ထားသည့် ကုမ္ပဏီပေါင်း ၁၇၃ ခု ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မင့်စ်မြို့ရှိမဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာစဉ် ပြတိုက်တာဝန်ရှိသူတစ်ဦးက ပြတိုက်တွင် ပြသထားရှိသည့် ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီကျူးကျော်မှုကို တွန်းလှန်ခဲ့သည့် သမိုင်းမှတ်တမ်းများ၊ စစ်လက်နက်ပစ္စည်းများ၊ တင့်ကားများ၊ တိုက်လေယာဉ်များ၊ စစ်သည်တော်များ၏ ကိုယ်ရေးကိုယ်တာပစ္စည်းများ၊ ပေးစာများ၊ ဓာတ်ပုံများကို ခေတ်မီ 3D နည်းပညာဖြင့်ပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် Hi Tech Park (အဆင့်မြင့်နည်းပညာဇုန်) တွင် နည်းပညာကုမ္ပဏီပေါင်း ၁၀၀၀ ကျော်၊ ကျွမ်းကျင်ပညာရှင်ပေါင်း ၆၀၀၀၀ ကျော်ဖြင့် နိုင်ငံစီးပွားရေး (GDP)၏ သုံးရာခိုင်နှုန်းခန့်ကို ရှာဖွေပေးနေမှု၊ အထူးစီးပွားရေးနှင့် ဥပဒေရေးရာ ဇုန်တစ်ခုအဖြစ် လည်ပတ်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ထိပ်တန်း ကုမ္ပဏီများအတွက် ဆော့ဖ်ဝဲလ်နှင့် နည်းပညာဝန်ဆောင်မှုပေးနေမှု အခြေအနေကို သွားရောက်ကြည့်ရှု လေ့လာကြသည်။

ညပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများက ဩဝါဒခံယူပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများက ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ အိမ်တော် ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများအား ဩဝါဒအမှာစကား ပြောကြားစဉ်။

အဆိုပါဩဝါဒခံယူပွဲအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်

ဦးစွာနိုင်ငံတော်သမ္မတက ဩဝါဒအမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် ပညာရေးဝန်ထမ်းကောင်းများပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

### အိုးထိန်းသည်များပင်ဖြစ်

တက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ သင်တန်းဆင်း ဆရာ ဆရာမ ဦးရေ စုစုပေါင်း ၁၄၆၉၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အနေဖြင့်လည်း မကြာခင်သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး တာဝန်ကျရာဒေသမှ ကျောင်းသားလူငယ်များ၏ အနာဂတ်ကိုပုံဖော်ပေးကြရန် မှာကြားလိုကြောင်း၊ ဆရာ ဆရာမ ဟူသည်မှာ စာသင်ပေးရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကိုပါ ပုံဖော်ပေးရသူများဖြစ်သည်ကို အမြဲသတိပြုကြစေလိုပြီး မောင်တို့မယ်တို့သည် အိုးထိန်းသည်များပင် ဖြစ်ပါကြောင်း။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

### ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန်ရည်မှန်းထား

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ ပညာရေးအသုံးစရိတ်များပါ ထည့်တွက်မည်ဆိုပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုရန် ခွင့်ပြုပေးထားကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် ပညာရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်း ထက်မနည်း တိုးမြှင့်ရန်၊ နောက်တစ်နှစ်ကျော်တွင် ၁၅ ရာခိုင်နှုန်းအထိတိုးမြှင့်ရန်လျာထားပြီး မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်သည့်ကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန်ရည်မှန်းထားကြောင်းကို အသိပေးလိုကြောင်း။

### ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ဆောင်ရွက်ပေးနေ

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရေး၊ အလယ်တန်းပညာ ပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အထက်တန်းကျောင်းများတွင် ဆက်လက်သင်ယူနိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေကြောင်း၊ အထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရေးနှင့် အရည်အချင်းပြည့်မီသူများကို တက္ကသိုလ်အဆင့်အထိ ဆက်လက်ပညာသင်ယူနိုင်ရေးတို့ကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသည့် လူငယ်များကိုလည်း သင့်လျော်သည့်အတန်းတွင် ပြန်လည်ပညာသင်ယူနိုင်ရေး ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ဆောင်ရွက်ပေးနေကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသကို ရောက်ရှိသည့်အခါ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ ကျောင်းပြင်ပရောက်ရှိနေသူများ ပြန်လည်ပညာသင်ယူနိုင်ရေးနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

### လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချနိုင်လာမည်

သစ်အဆွေးဖြင့် ပန်းပုထု၍မရသကဲ့သို့ အဆင့်အတန်းမြင့်သည့် ပညာရေးကိုတည်ဆောက်နိုင်ရေးအတွက်လည်း ဆရာ ဆရာမများ၏ အရည်အသွေးသည် အဓိကကျကြောင်း၊ ဆရာတစ်ဦးအနေဖြင့် မိမိတတ်မြောက်ထားသည့် ပညာရပ်များကို တပည့်များထံသို့ ထိရောက်စွာ လက်ဆင့်ကမ်းပေးနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး သင်ကြားရေးစွမ်းရည်များ မြှင့်တင်နေကြရန် မှာကြားလိုကြောင်း၊ သင်ကြားရေးတွင် အလွတ်ကျက်မှတ်စေခြင်းနည်းလမ်းတစ်ခုတည်းကိုသာ အားမကိုးဘဲ တပည့်များ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများ တိုးတက်လာအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို လက်တွေ့ဘဝနှင့် ဆက်စပ်သင်ကြားပေးခြင်းအားဖြင့် သင်ယူထားသည့်ပညာများကို လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချနိုင်လာမည်ဖြစ်ကြောင်း။

အထူးသဖြင့် **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဟူသည့်အတိုင်း စာသင်ကျောင်းများသည် စည်းကမ်းရှိပြီး တာဝန်သိတတ်သည့် လူငယ်များ ပေါ်ထွန်းလာရေးအတွက် အခြေခံကျသည့်

*စာမျက်နှာ ၇ သို့*

### ရင်းရင်းနှီးနှီး နှုတ်ဆက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၆ မှ*

နေရာများဖြစ်ကြောင်း၊ ဆရာများသည် တပည့်များအတွက် စံပြပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိတို့၏အပြောအဆို၊ အပြုအမူ အနေအထိုင်နှင့် ကိုယ်ကျင့်တရားများကို အမြဲဆင်ခြင်ကြရန်လိုပြီး တပည့်အားလုံးအပေါ် မျှမျှတတဆက်ဆံရန်၊ ရိုးသားဖြောင့်မတ်ရန်နှင့် စိတ်စေတနာထားရန်လည်း အရေးကြီးကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၊ ဘာသာစကားများနှင့် ယဉ်ကျေးမှုများ မတူကွဲပြားစွာ တည်ရှိနေသည့်နိုင်ငံဖြစ်ကြောင်း၊ ယင်းမတူကွဲပြားမှုများသည် နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို ကြွယ်ဝစေပြီး တန်ဖိုးရှိသည့် အရင်းအမြစ်များလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်လေးစားမှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများကို တည်ဆောက်ကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည်မှာ မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးသကဲ့သို့ အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကိုလည်း လေးစားတန်ဖိုးထားခြင်းဖြစ်ကြောင်း၊ အများအကျိုးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာစေကြောင်း။

**မောင်တို့မယ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၅ နှစ်ကြာ အတူတကွ ပညာသင်ယူရင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိခဲ့ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူတတ်မြောက်ခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း၊** ထို့ကြောင့် **တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် မိမိတို့ကိုယ်တိုင် စံနမူနာပြပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။**

❑ **မောင်တို့မယ်တို့သည် မကြာမီ နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြတော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းခွင်ကျင့်ဝတ်များကို သိရှိနားလည်ပြီး လိုက်နာကြရန်လို၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး၌ရှိရမည့် ကျွမ်းကျင်မှု၊ တာဝန်ကျေပွန်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အများပြည်သူအပေါ် စေတနာထားမှုတို့ ရှိရမည်ဖြစ်ပြီး "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်" ဟူသည့် ခံယူချက်နှင့်အညီ မိမိတို့၏ တာဝန်များကို စေတနာ၊ ဝါသနာနှင့် အနစ်နာခံမှုတို့ပေါင်းစပ်ပြီး ထမ်းဆောင်ကြရန် တိုက်တွန်းလို၊ အထူးသဖြင့် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ၏ လေးစားအားကိုးမှုကို ရရှိထားသူများဖြစ်**

**"ယနေ့လူငယ် နောင်ဝယ်လူကြီး"** ဟူသည့်အတိုင်း လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ပညာရေး၊ စိတ်ဓာတ်နှင့် အရည်အချင်း ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ့အနာဂတ်အတွက် အရေးကြီးကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းကျော်ရှိသည်ဟု တွေ့ရှိရကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသမှ ရွက်ပုန်းသီးလူငယ်များ၏ အရည်အချင်းများကို ဖော်ထုတ်ပေးကြရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် ကိုယ်ကျင့်တရားပြည့်ဝစေရုံသာမက ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် လူမှုဆက်ဆံရေးကောင်းမွန်မှုတို့တွင်လည်း ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပေးကြရမည်၊ လူငယ်များကို မိမိတို့၏အနာဂတ်အတွက် ရည်မှန်းချက်ထားပြီး ကြိုးစားတတ်သူများဖြစ်လာအောင် အားပေးကြရမည်၊ တစ်ချိန်တည်း၌ပင် မိသားစု၊ ဒေသနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သူများ ဖြစ်လာအောင်လည်း လမ်းညွှန်ပေးကြရန် မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် မကြာမီ နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြတော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းခွင်ကျင့်ဝတ်များကို သိရှိနားလည်ပြီး လိုက်နာကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး၌ရှိရမည့် ကျွမ်းကျင်မှု၊ တာဝန်ကျေပွန်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အများပြည်သူအပေါ် စေတနာထားမှုတို့ ရှိရမည်ဖြစ်ပြီး **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်"** ဟူသည့် ခံယူချက်နှင့်အညီ မိမိတို့၏ တာဝန်များကို စေတနာ၊ ဝါသနာနှင့် အနစ်နာခံမှုတို့ပေါင်းစပ်ပြီး ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ၏ လေးစားအားကိုးမှုကို ရရှိထားသူများဖြစ်ကြောင်း။

အဓိကမှာကြားလိုသည်မှာ မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများတွင် တပည့်များကို ပညာရည်ပြည့်ဝရုံသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလ ဟူသည့် ဗလငါးတန်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ဆရာ့ဝတ်ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး တပည့်များကို အမှားအမှန် ခွဲခြားသိမြင်နိုင်ပြီး လူမှုကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် လူငယ်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလေးစားပြီး အပြန်အလှန် ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးမည့် ပညာရေးဝန်ထမ်းများဖြစ်ကြသဖြင့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး မိမိတို့ တတ်မြောက်ထားသည့် ပညာသင်ကြားရေး အတတ်ပညာနှင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်၊ မိမိတို့ကျရာတာဝန်များကို သစ္စာရှိရှိ၊ စေတနာအပြည့်ဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့အားလုံး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ကြပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၈)မှ ကျောင်းသား ကျောင်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မှ ရှမ်းတိုင်းရင်းသူ မမေသွယ်ဖူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား ကျောင်းသူ နှစ်ဦးတို့က အမှတ်တရလက်ဆောင် ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းနှုတ်ဆက် အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **မောင်တို့မယ်တို့သည် ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၅ နှစ်ကြာ အတူတကွ ပညာသင်ယူရင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ရရှိခဲ့ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူတတ်မြောက်ခဲ့ကြပြီး ဖြစ်သည်ဟုယုံကြည်**

❑ **တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများအကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် မိမိတို့ကိုယ်တိုင် စံနမူနာပြပြီး ဆောင်ရွက်ကြရန် မှာကြားလို**

# တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ

## ဘားအံလေဆိပ်သို့ ပုံမှန်လေကြောင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲနိုင်ရေး ကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန်လေယာဉ်များ ဆင်းပေး၍ မရပါကြောင်းဖြေကြား

**နေပြည်တော်  အောက်တိုဘာ ၂၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)




အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ)ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် ခွဲခြားသတ်မှတ်ထားသည့် ရှမ်းပြည်နယ်အတွင်း (က)အုပ်စုမှ လူမှုရေးသင့်တင့်သော ဒေသများတွင်ပါဝင်သည့် ၃၁ မြို့နယ်ရှိ မြို့ပေါ် ၂၇ မြို့နှင့် ကျေးရွာအုပ်စု ၂၆၂ အုပ်စု၊ (ခ) အုပ်စုမှ လူမှုရေးခက်ခဲသော ဒေသများတွင် ပါဝင်သည့် မြို့နယ် ၃၀ ရှိ မြို့ပေါ် ၇ မြို့နှင့် ကျေးရွာအုပ်စု ၄၃၄ အုပ်စု၊ (ဂ) အုပ်စုမှ လူမှုရေးအခက်အခဲဆုံးဒေသတွင် ပါဝင်သည့် ၁၅ မြို့နယ်ရှိ မြို့ပေါ် ၈ မြို့နှင့် ကျေးရွာအုပ်စု ၂၇၂ အုပ်စုတို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက်၊ လစာနှုန်းထားများအလိုက် ဒေသစရိတ်များကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မေ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ခံစားခွင့်ပြုထားခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၉ အရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ခံစားခွင့်ပြုထားသည့် ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါဒေသများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ) ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာတို့ ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့် အကျုံးမဝင်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၏ အဓိကရေလမ်းကြောင်းဖြစ်သော ဒါးကမြစ်အတွင်း သဲသောင်ထွန်းခြင်းနှင့် နုန်းတင်ခြင်းများကြောင့် မြစ်ကြောင်းတိမ်ကောလာ၍ နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းကို ကုစားနိုင်ရန်အတွက် ဒါးကမြစ်ကြောင်း တူးဖော်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ဒါးကမြစ်အတွင်း နှစ်စဉ်ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းသည် မြစ်အားအသုံးပြု၍ မှီတင်းနေထိုင်ကြသူတို့၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပြီး မြစ်ကြောင်းတိမ်ကောလာမှုအား နုန်းအနည်အနှစ်များ ဖယ်ရှားပေးရန်အပြင် သက်ဆိုင်ရာဌာနများမှလည်း မိမိတို့ဌာနနှင့် သက်ဆိုင်သည့် ရေကြောင်းအဟန့်အတားဖြစ်စေမည့် ကိစ္စများအား ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒါးကမြစ်အတွင်း နုန်းအနည်များ ဖယ်ရှားပေးနိုင်ရေး ဆောင်ရွက်မည်ဆိုပါက ရေကြောင်းတိုင်းတာစစ်ဆေးမှုများကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ရရှိလာသော တိုင်းတာစစ်ဆေးချက်များအရ ဆောင်ရွက်ရမည့် အစီအမံများကို ထပ်မံရေးဆွဲရမည် ဖြစ်ပါသောကြောင့် အချိန်ယူဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ မြစ်တစ်လျှောက် လူနေကျေးရွာများ၊ လယ်ယာမြေများ တည်ရှိနေသဖြင့် လိုအပ်သည့်နေရာများတွင် မြစ်ကမ်းပါး ကာကွယ်ရေးလုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်၍ ကုန်ကျစရိတ်များပြားပြီး ရရှိလာမည့် အကျိုးကျေးဇူးနှင့် ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ချောင်းအတွင်း ရေစီးရေလာအဟန့်အတားဖြစ်စေသည့် ငါးခြံများ၊ တရားမဝင် စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကို သက်ဆိုင်ရာဌာနများက ပထမဆုံး ဖယ်ရှားရှင်းလင်းသွားရမည်ဖြစ်ပါကြောင်း၊ ကနဦးတိုင်းတာရေးနှင့် စစ်တမ်းဆောင်ရွက်ပြီး ရလဒ်အပေါ်မူတည်၍ လိုအပ်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲကာ ကုန်ကျစရိတ်ကို တစ်ပြိုင်တည်းတွက်ချက်၍ ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိလာသည့် ဘဏ္ဍာငွေအပေါ်မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာနှင့်လုပ်ငန်းဆိုင်ရာ အကူအညီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရန်ကင်းတောင် သာသနာ့ရိပ်သာ ကုန်းမြေပေါ်တွင်ရှိသော သာသနာ့အမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရန်၊ နောင်လာနောက်သားများ ဖူးမြော်ကြည်ညိုခွင့် ရရှိနိုင်ရန်အတွက် ချင်းတွင်းမြစ်ရေကြီးချိန် ရေဦးထိုးဒဏ်နှင့် ဝဲကတော့ တိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ကမ်းပြိုကာကွယ်မှုလုပ်ငန်းဖြစ်သည့် ကမ်းထိန်းနံရံ (Retaining Wall) အလျင်အမြန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၂၀၂၆–၂၀၂၇ ဖြည့်စွက်ဘတ်ဂျက်တွင် ရန်ပုံငွေထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သည် ချင်းတွင်းမြစ် အထက်ပိုင်းဒေသတွင် တည်ရှိပြီး ခန္တီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာ ကုန်းမြေသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ မြင့်မားမတ်စောက်သော သဲကျောက်တောင်ပေါ်တွင် တည်ရှိကာ မြသိန်းတန်စေတီသည် ထင်ရှားသော မြို့ဦးစေတီတစ်ဆူဖြစ်ပါကြောင်း၊ မြသိန်းတန်စေတီအနီး၌ သဲကျောက်တောင်ကမ်းပါး၏ အမြင့်သည် ရေစစ်မျဉ်းအထက် ပေ ၈၀ ခန့် မြင့်မားပြီး မတ်စောက်လျက်ရှိပါကြောင်း၊ မြသိန်းတန်စေတီ တည်ရှိရာနေရာ အထက်ဘက်တွင် ချင်းတွင်းမြစ်သည် အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန် စီးဆင်းနေပါကြောင်း။

လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရန်ကင်းတောင် သာသနာ့ရိပ်သာကုန်းမြေ ယခင်ဆောင်ရွက်ပြီး မြေထိန်းတံတိုင်း၏ အောက်ဘက်တွင် ကမ်းပါးမြင့်မားမတ်စောက်ခြင်းနှင့် မိုးရေစီးကြောင်း ကျဆင်းခြင်းတို့ကြောင့် ယခင်တည်ဆောက်ခဲ့သည့် ကမ်းထိန်းနံရံ၏ အလျား ပေ ၁၅၀ ခန့်သည် ကမ်းပါးအိကျမှု ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး သာသနာ့ကုန်းမြေနှင့် စေတီတော်အနီးမြစ်ကမ်းပါး တည်ငြိမ်ခိုင်ခံ့ရေးဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရန်ကင်းတောင် သာသနာ့ရိပ်သာကုန်းမြေအား ချင်းတွင်းမြစ် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ကမ်းပါးအိကျနေသည့် အလျား ပေ ၁၅၀ အား လာမည့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတင်ပြတောင်းခံပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း (ခ) ကိုဆွိ၏ **ကရင်ပြည်နယ် ဘားအံမြို့ရှိ နိုင်ငံတော်ပိုင် ဘားအံလေဆိပ်အား ပုံမှန်လေကြောင်း ခရီးစဉ်များကို ထည့်သွင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးထွန်းလူက ဘားအံလေယာဉ်ကွင်းသည် ၂၀၁၉ ခုနှစ်နောက်ပိုင်းမှ စတင်၍ ယနေ့အထိ ၇ နှစ်ခန့် အသုံးပြုမှု မရှိခဲ့သဖြင့် ယခုအခါ ပြေးလမ်းမျက်နှာပြင် ပျက်စီးမှုများဖြစ်ပေါ်နေခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများတွင် လက်ရှိအသုံးပြုလျက်ရှိသော အငယ်ဆုံးလေယာဉ်များဖြစ်သည့် ATR 72 အမျိုးအစား လေယာဉ်များ အဆင်းအတက်ပြုလုပ်ရန် အနည်းဆုံးကွင်းအရှည် ပေ ၆၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ပြေးလမ်းချဲ့ထွင်နိုင်ရန်အတွက် လေယာဉ်ကွင်း၏ ပတ်ဝန်းကျင်အခြေအနေအရ လေယာဉ်ပြေးလမ်း မြောက်ဘက်ထိပ်မှ ပေ ၄၇၀၀ ခန့် အကွာတွင်ရှိသော သာသနိကအဆောက်အအုံပေါ်တွင်တည်ထားသည့်စေတီတော်နေရာသည် လေယာဉ်ပြေးလမ်းတက်သည့် တည့်တည့်ပေါ်တွင် ကျရောက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်မှ သတ်မှတ်ထားသော Obstacle Limitation Surface (OLS) အရ လွတ်ကင်းမှုမရှိသောကြောင့် လေယာဉ်များ အဆင်းအတက်ပြုလုပ်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သဖြင့် လေယာဉ်ပြေးလမ်းအား မြောက်ဘက်သို့တိုးချဲ့၍ မရနိုင်ပါကြောင်း။

လက်ရှိအနေဖြင့် ဘားအံလေဆိပ်နှင့် အနီးဆုံးဖြစ်သည့် မော်လမြိုင်လေဆိပ်သို့ လေကြောင်းခရီးစဉ်အဖြစ် အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တို့တွင် ပြေးဆွဲလျက်ရှိရာ ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့၏ ကားလမ်းခရီးအကွာအဝေးသည် ၃၅ မိုင်ခန့်၊ ကြာချိန်အားဖြင့် ၁ နာရီခန့်သာ ကြာမြင့်မှုရှိပါသဖြင့် ဘားအံမြို့မှ လေယာဉ်ခရီးစဉ်နှင့် လိုက်ပါလိုသူများ ခရီးသွားလာရေးအတွက် အဆင်ပြေချောမွေ့မှုရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဘားအံလေဆိပ်သို့ ပုံမှန်လေကြောင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲနိုင်ရေး ကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန်လေယာဉ်များ ဆင်းပေး၍ မရပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတည်ဆောက်နိုင်ပါက နိုင်ငံတကာမှ သင်္ဘောများဆိုက်ကပ်၍ ကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်ခြင်း၊ Free Trade Zone (FTZ) ပြုလုပ်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာများ ပိုမိုရရှိနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသဖြင့် ကော့သောင်းမြို့တွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (International Port) တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် တည်ဆောက်ပေးရန် လျာထားမှုရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့သောင်းတွင် လက်ရှိအချိန် အလျား ၃၂၈ ပေ၊ အကျယ် ၉၈ ပေ ရှိသည့် ပြည်တွင်းဆိပ်ကမ်းတစ်ခု တည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကို ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်မေးမြန်းသည့် နေရာ၏ မြောက်ဘက်တွင် လက်ရှိ တော်ဝင်ဆိပ်ကမ်းတံတားရှိပါကြောင်း၊ အဆိုပါ တံတားသည် သံကူကွန်ကရစ်ဆိပ်ကမ်းတံတားဖြစ်ပြီး သက်တမ်း ၂၈ နှစ် ရှိပြီဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၅–၂၀၂၆ ခုနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆ ဒီဇင်ဘာလအတွင်း ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ဆိပ်ခံတံတားနှင့် ကိုယ်စားလှယ် မေးမြန်းသည့် ဆိပ်ကမ်းတံတားနှစ်ခု၏ အကွာအဝေးသည် ၁၅ ပေသာရှိပြီး အစအဆုံး မီတာ ၂၁၀ ဖြစ်သည့်အတွက် မီတာ ၉၀ ခန့်ရှိသည့် ရေယာဉ် ၂ စင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတစ်ခု တည်ဆောက်မည်ဆိုပါက သတ်မှတ်ချက်များနှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဝင်ရောက်နိုင်သည့် ရေနက် လုံလောက်မှုနှင့် သင်္ဘောကြီးများ လှည့်နိုင်ပြီး ကပ်နိုင်၊ ခွာနိုင်မည့် အကျယ်အဝန်း ရှိရမည်ဖြစ်ပါကြောင်း၊ နောက်ခံမြေအကျယ်အဝန်းများ လုံလောက်ရန် အနည်းဆုံးသတ်မှတ်ချက်သည် ၃၇ ဧကဖြစ်သော်လည်း ကိုယ်စားလှယ်မေးမြန်းသည့် နေရာသည် ၄ ဒသမ ၄ ဧက သာ ရှိပါကြောင်း၊ ထို့ပြင် အထောက်အကူပြုပစ္စည်းများနှင့် ကွန်တိန်နာများကို သယ်ထုတ်မည့် ကားလမ်း၊ မီးရထားလမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်ရန် ကန့်သတ်ချက်များစွာရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအစား ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းတစ်ခုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K)(AM) တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး ကြေညာချက် အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K) (AM) အဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက်၊ ပူးပေါင်းပါဝင် ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။(**အပေါ်ပုံ**)

တွေ့ဆုံ ဆွေးနွေးပွဲသို့ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM)ဥက္ကဋ္ဌ ဦးအန်းမိုင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးချင်းမောင်၊ ဦးမန်ခပ်၊ ဦးYခွန်းမောင်၊ ဦး K ပါပီနှင့် ဦးလန်းညိုင်တို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခင်က NSCN -K အဖွဲ့သည် Bilateral လက်မှတ်ထိုးခဲ့သော အဖွဲ့ဖြစ်ကြောင်း၊ ယခင် လာရောက်ဆွေးနွေးစဉ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နာဂအမျိုးသားများသည် မိမိတို့၏ တိုင်းရင်းသားလူမျိုးများ ဖြစ်သဖြင့် ဒေသဖွံ့ဖြိုး တိုးတက်မှုအတွက် အစိုးရမှဆောင်ရွက်ပေးရန်လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်း၊ NSCN -K (AM) အဖွဲ့သည် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုလို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ရရှိသည့်အတွက် သမိုင်းတွင် အရေးပါသော မှတ်တိုင် တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှ ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ နောက်ကျကျန်ခဲ့မှု မရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်းနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို တိုးတက်စေမည့် ရလဒ်များ ရရှိအောင် ဖော်ဆောင်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြားမြို့နယ်များ ထပ်မံထည့်သွင်းဆောင်ရွက်လိုခြင်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းပြီး ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ (၄) ရပ်နှင့်အညီ ဆောင်ရွက်သွားရေး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ၊ ကျေးရွာအုပ်စုများအား မြို့အဖြစ် ပြောင်းလဲဖွဲ့စည်းရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ ဦးစီးဌာနများ၏သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး လမ်းအပိုင်းလိုက်ဦးစားပေးလိုအပ်ချက် သတ်မှတ်ပြီး တင်ပြသွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော ဒေသခံ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးသွားမည့်ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နယ်မြေဒေသအတွင်းရှိ တပ်မတော်၊ အစိုးရဌာနများနှင့် လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးနှင့် အောက်ခြေရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှ ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်သော ဆောင်ရွက်နေထိုင်မှုများ မပြုလုပ်ရန် စနစ်တကျ ကြပ်မတ်ပေးရေးတို့အား ဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအား လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K) (AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

*❊ ရှေ့ဖုံးမှ*

ကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အခြေအနေကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ဒေသခံပြည်သူများ လိုအပ်သည့် လျှပ်စစ်မီးအမြန်ရရှိရန်အတွက် ယခုဆောင်ရွက်သည့် ရေအားလျှပ်စီမံကိန်းအား အမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေး၊ ရရှိထားသည့်ဘဏ္ဍာငွေများ အလေအလွင့်မရှိအောင် သုံးစွဲသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ကတ်သာကျေးရွာရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေအဆင်ပြေစေရေးအတွက် ချင်းတွင်းမြစ်ရေကို ဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း ဟုမ္မလင်းမြို့နယ် နားနုန်းကျေးရွာရှိ တောင်သူ ဦးအောင်စိုးလွင်၏ ဆင်းဇေရီ-၃ စပါးခင်းတွင် ပြုလုပ်ခဲ့သည့် စပါးနှံ၏ အပင်ကြီးထွားမှုနှင့် အထွက်နှုန်းအပေါ် ပီလောပီန်ရွက်ဖျန်းမြေဩဇာနှုန်းထားအမျိုးမျိုး၏ သက်ရောက်မှုစမ်းသပ်ကွက်ကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဖလမ်းမြို့ စည်ပင်သာယာရေးအဖွဲ့၏ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် အမှုဆောင်အရာရှိ အိမ်ရာပြုပြင်ပြီးစီး

**ဖလမ်း အောက်တိုဘာ ၂၂**

ချင်းပြည်နယ် ဖလမ်းမြို့ စည်ပင်သာယာရေးအဖွဲ့၏ နှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် အမှုဆောင်အရာရှိ အိမ်ရာပြုပြင်ပြီးစီးမှု၊ လမ်းဦးစီးဌာနပိုင် ပစ္စည်းဂိုဒေါင်ပြုပြင်ပြီးစီးမှုနှင့် ပစ္စည်းသိုလှောင်ထားရှိမှုတို့ကို ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။(**ယာပုံ**)



ဆက်လက်၍ ဖလမ်းမြို့နယ် ပညာရေးမှူးရုံး၌ ဖလမ်းခရိုင်နှင့် မြို့နယ်ပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်း မြင့်မားရေးအတွက် အထူးကြပ်မတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ သင်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ၊ ရိုးရာဂျပ်ခုတ် သင်တန်းစတင်သင်ကြားပေးနေမှု၊ သင်တန်းဆောင်များ ပြုပြင်ပြီးစီးမှုတို့ကို ကြည့်ရှုအားပေးသည်။

ယနေ့ မွန်းလွဲပိုင်းကလည်း ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် ဖလမ်းခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တို့အား ကျန်းမာရေး စစ်ဆေးပေးနေမှု၊ ဖလမ်းခရိုင်လမ်းဦးစီးဌာန သုံးထပ်ဆောင်တွင် ဖလမ်းခရိုင်/မြို့နယ်တရားရုံး ဖွင့်လှစ်ထားမှု၊ ဖလမ်းမြို့နယ် သမဝါယမဦးစီးဌာနရုံး အဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှု၊ ဖလမ်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ ဖလမ်းခရိုင် စုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ပြုပြင်ရာတွင် ထွက်ရှိလာသည့် ဆယ်တင်ပစ္စည်းများ ပြန်လည်အသုံးပြုရန်၊ ရုံးလုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၂**

အမျိုးသမီးရေးရာ ဝန်ကြီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေး သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသမီးရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)



အဆိုပါ သင်တန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား ၁၆ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၃၅ ဦးတို့ဖြင့် နှစ်ရက်တာ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်က ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်သည့် သင်တန်းဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိစေရန်၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်လာစေရန်၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစားခြင်း (Gender Mainst- reaming) လုပ်ငန်းစဉ်များ ဆောင်ရွက်လာနိုင်စေရန်နှင့် ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ပူးပေါင်းမှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ NSPAW မူဝါဒများနှင့် MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် မဟာဗျူဟာများကို ချိတ်ဆက်ပြီး အမျိုးသမီးများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများအတွက် တန်းတူညီမျှသော စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**




## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိလျှော့မှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မမြရေလှောင်တမံ တမံအောက်ပိုင်း အိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံအောက်ခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင်ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တမံအောက်ပိုင်း အိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံ၏ အထက်ဘက်ရေပြင်နှင့် ထိစပ်နေသည့် အပိုင်းမှစ၍ တမံအိလျှော့နေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းများ မခံရစေရန်အတွက် မိုးရေကာဖျင်များဖြင့် စနစ်တကျအုပ်မိုးကာကွယ်ထားရှိမှု၊ ဘူမိရူပဗေဒ တိုင်းတာခြင်းလုပ်ငန်းအနေဖြင့် Resistivity Method (လျှပ်စစ်ခုခံမှုစမ်းသပ်ခြင်းနည်းလမ်း)ကို အသုံးပြု၍ မြေပေါ်မှ ကြိမ်နှုန်းနိမ့် လျှပ်စစ် (Low Frequency Alternating Current) ကို အောက်ခံ မြေလွှာ၊ ကျောက်လွှာများအတွင်း ဖြတ်သန်းစေပြီး ရေပါဝင်မှုနှင့် မြေလွှာ၊ ကျောက်လွှာများ၏ အပျော့အမာပေါ်မူတည်၍ ဖြစ်ပေါ်လာသော လျှပ်စစ်ခုခံမှု ကိန်းဂဏန်းများကို အခြေခံတွက်ချက်သည့်နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊ တမံအတွင်းရှိ သိုလှောင်ရေများကို ပိုမိုလျှော့ချနိုင်ရန် အရေးပေါ်ရေပိုလွှဲ ရေဆင်းလမ်းကြောင်း အောက်ကြမ်းခင်းနှင့် ဘေးနံရံဖက်ချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အချင်း ၁၀ လက်မရှိ ရေပိုက် ၃ စုံကို အသုံးပြု၍ ဆိုင်ဖွန် (Syphon)နည်းဖြင့် ရေထုတ်လွှတ်လျက်ရှိမှု၊ မြေသားတမံအားပိုမိုအားဖြစ်စေရန်အတွက် မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe)ကို ထည့်သွင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ထိန်းသိမ်းမှု လုပ်ငန်းများတွင် ပါဝင်ကူညီနေသည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ဒံပေါက်၊ သောက်ရေသန့်များနှင့် မုန့်များ ပေးဝေခဲ့သည်။



အဆိုပါ မမြရေလှောင်တမံ၏ တာတမံအိလျှော့ကျမှု ဖြစ်ပွားသည့်နေရာအား ကျောဘက်မှ မြေသားထောက်ခြင်းလုပ်ငန်းကို နိမ့်မြင့်အမှတ် ၂၃၃ ပေ၊ ပေ ၂၅၀ ၊ ၂၆၆ ပေ စသည်ဖြင့် အဆင့်ဆင့်ထောက်ကန်ထားပြီးဖြစ်သည့်အပြင် ရေစစ်ကျောက်ရိုးဖြင့် ထောက်ခြင်းအား နိမ့်မြင့်အမှတ် ၂၃၃ ပေအထိ ထောက်ထားပြီးဖြစ်ပြီး ဆက်လက်၍ ရေလှောင်တမံအတွင်း ရေ၏ အခြေအနေအပေါ်မူတည်၍ မြေသားထောက်ခြင်းလုပ်ငန်းကိုဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မမြရေလှောင်တမံမြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် မြန်အောင်မြို့နယ် ဝက်ပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆီခြံကုန်းကျေးရွာတွင် ယာယီကျောင်းဆောင် ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံပြည်သူများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် မမြရေလှောင်တမံ တမံအောက်ပိုင်း အိလျှော့ကျမှုအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး စိုးရိမ်ဖွယ်အခြေအနေမရှိတော့သဖြင့် မိမိတို့၏ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးဝေခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ၃၀-၄-၂၀၂၆ ရက်နေ့တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာစေတနာထားသောအားဖြင့်လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ကျန်ရှိသည့် ပြစ်ဒဏ်များကို သတ်မှတ်ထားသည့်နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

၃-၈-၂၀၂၆ ရက်နေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude De Baqque နှင့် တွေ့ဆုံခွင့်ပြုခဲ့ပါသည်။ ၁၉-၁၀-၂၀၂၆ ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ တတိယမြောက် ချားလ်စ်ဘုရင်က ပေးပို့သည့် စာအုပ် ၂ အုပ်၊ အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက် တွေ့ဆုံပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်သည် ဒေါ်အောင်ဆန်းစုကြည်အား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) လုပ်ငန်းစဉ်များအရလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာအတွင်းက ဆောင်ရွက်ပိုင်ခွင့်ရှိသော အထူးကိစ္စရပ်အနေဖြင့်လည်းကောင်း အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ကို ၎င်း၏ သားဖြစ်သူ ကင်မ်အဲရစ် (ခ) ကိုထိန်လင်းနှင့် ၂၂-၁၀-၂၀၂၆ ရက်နေ့၊ ၁၄၃၀ အချိန်မှ ၁၄၅၀ အချိန်အထိ လန်ဒန်မြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် စကားပြောကြေးနန်းဖြင့် ကောင်စစ်ဆိုင်ရာ ဆက်သွယ်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်**





# ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂** ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **“မဟာဂီတ”တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ရှိ နီလာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပြောင်ပြောင် နာဂိန်”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြောက်ဖွယ့်ဘုန်းတန်း” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောင်ဇမ္ဗူပိုင်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မဟာဗန္ဓုလ(ကိုထွန်းရွှေ)” သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မေတ္တာသံဝေ(လှလှရီ)” သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို နေပြည်တော် တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကပညာ၏ အနှစ်သာရနှင့် အနုပညာ အလှတရားများကို ပေါ်လွင်ထင်ရှားစေသည့် ကကြိုးကကွက်များ၊ ဟန်ပန်အမူအရာများဖြင့် စည်းချက်ညီညီ၊ သွက်လက်ကျော့ရှင်းစွာ ကပြယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၏ တင့်တယ်ခမ်းနားမှုကို ဖော်ကျူးတင်ဆက်ကြသည်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်နိုင်နှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။



မဟာဂီတအခြေခံပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်ဟံသာမင်း ယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးသီချင်းအဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဝင်းသူလွင် ယှဉ်ပြိုင်စဉ်။

**အရေးပြိုင်ပွဲ (သီချင်းသံစဉ် ထည့်သွင်း လေ့ကျင့်သီဆိုခြင်း)**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးမေမေ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ် ရတနာ” ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ မြန်မာ့ရိုးရာဂီတအနုပညာ၏ အနှစ်သာရနှင့် သီဆိုမှု အနုပညာရသတို့ကို ပေါ်လွင်အောင် ရသစုံလင်စွာ ယှဉ်ပြိုင်သီဆိုကြသည်။

**ဆိုင်းဝိုင်းကြီး အဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်မင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြန်မာ့ရိုးရာဂီတ အနုပညာ၏ အနှစ်သာရနှင့် တူရိယာတီးခတ်မှု စွမ်းရည်တို့ကို ပေါ်လွင်စေသည့် လက်သံပြောင်မြောက်မှု၊ စည်းချက်ညီညွတ်မှုနှင့် သံစဉ်အတက်အကျတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ သာယာနာပျော်ဖွယ်ကောင်းသည့် တီးခတ်သံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တီးခတ်ကြသည်။

**ပလွေပြိုင်ပွဲ**ကို အမျိုးသား ပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လွဲ့လွဲ့စိမ်းရောင်” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ *စာမျက်နှာ ၁၂ သို့*



ပလွေအခြေခံပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်အာကာဖြိုး ယှဉ်ပြိုင်စဉ်။



တယောအဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဝင်းမင်းလှိုင် ယှဉ်ပြိုင်စဉ်။


ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင်“ဝိဓူရ” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိဓူရဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။


ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်လှုံဖြိုးနှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၁၁ မှ*

ပြိုင်ပွဲများက “ဟေမဝန်ချာ” (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သည်ဆောင်းဟေမန်” (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီး** ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာအောင်ချာ”(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဇေယျာမြို့” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မင်းလမ်းစပ်ကာ”


တယောအတီး အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ နော်မေသဇင်ထူး ယှဉ်ပြိုင်စဉ်။

(ကြိုး) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

**တယောအတီး** ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောနှင့်တောင်စွယ်” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မေတ္တာဂုဏ်” (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စိမ်းလဲ့လဲ့”(ကြိုး) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီး** ပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြေလျော့ခွေ” (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဖြေလျော့ခွေ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ခါနွေဆန်း” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင်** “သုဝဏ္ဏသာမ” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး** ပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် “ဝိဓူရ” ဇာတ်တော်ကြီးဖြင့် **မန္တလေးတိုင်းဒေသကြီး** ကိုယ်စားပြု **မန်းရွှေဝိဓူရ** ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ အစဉ်အလာကို ထိန်းသိမ်းထားသော ဆို၊ ငို၊ ပြော အနုပညာ ပညာရပ်များနှင့် အကအလှများကို အချိုးညီညီ ပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင် တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေ အသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့်သတ်မှတ်ချက်အနေဖြင့် ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားပြီး နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင်အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အရေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။


ပလွေအခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မသွန်းအိန္ဒြေ ယှဉ်ပြိုင်စဉ်။

# ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်းပုံရိပ်များ




ကာလပေါ်တေးသီချင်း အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မဦးမြာ ယှဉ်ပြိုင်စဉ်။



ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မကြယ်စင်လင်းနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ – ဟိန်းထက်ဇော်၊ နိုင်လင်းကြည်



ကာလပေါ်တေးသီချင်း အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သုခနှင့်အောင် ယှဉ်ပြိုင်စဉ်။




တယောအဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် သုဝဏ္ဏသာမ ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ပလွေအခြေခံပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ချမ်းမင်းပိုင် ယှဉ်ပြိုင်စဉ်။




စန္ဒရားအတီး အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မခေတ်တင့်တယ်စံ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ – ဟိန်းထက်ဇော်၊ နိုင်လင်းကြည်




အရေးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်မင်းမျိုးရာဇာ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ – ဟိန်းထက်ဇော်၊ နိုင်လင်းကြည်




မဟာဂီတတေးသီချင်း အခြေခံပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးသီချင်း အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်လှိုင်မင်းထက် ယှဉ်ပြိုင်စဉ်။



ကာလပေါ်တေးသီချင်း အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မမိုးမြင့်စံ ယှဉ်ပြိုင်စဉ်။

# ခေတ်မီဥပဒေအရာရှိ သို့မဟုတ် S.M.A.R.T Law Officer

ဥပဒေတစ်ရပ်၏ တန်ဖိုးသည် ဥပဒေကို ပြဋ္ဌာန်းခြင်းတစ်ခုတည်းဖြင့် ပြီးပြည့်စုံခြင်းမဟုတ်ဘဲ ယင်းဥပဒေကို မှန်ကန်စွာ နားလည်သဘောပေါက်ခြင်း၊ မျှတစွာ အကောင်အထည်ဖော်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ခြင်းတို့အပေါ်တွင် တည်မှီနေပါသည်။ ထိုလုပ်ငန်းစဉ်တွင် ဥပဒေအရာရှိ(Law Officer)တစ်ဦး၏ အသိပညာ၊ အရည်အချင်း၊ ဆင်ခြင်တုံတရားနှင့် ကိုယ်ကျင့်တရားတို့သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ဒေါက်တာချိုငယ်ငယ်သိန်း

> **“ ဥပဒေအရာရှိတစ်ဦးတွင် ဥပဒေကျွမ်းကျင်ရုံမျှမကဘဲ ပြည်သူများနှင့် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာသော ကျင့်ကြံပြုမူပုံရှိရပါမည်။ ထို့အပြင် ကိုယ်ကျင့်တရားခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ လာဘ်ပေးလာဘ်ယူ ရှောင်ရှားနိုင်မှုတို့သည် ဥပဒေအရာရှိတစ်ဦး၏ တန်ဖိုးများဖြစ်ပါသည်။ ဥပဒေအရာရှိကျင့်ဝတ်ပါ အခြေခံမူများအတိုင်း ခိုင်မာစွာ ရပ်တည်သည့် အပြုသဘောဆောင်သော စိတ်ဓာတ်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ယှဉ်တွဲရှိရန် လိုအပ် ”**

ယနေ့ခေတ် ဥပဒေရေးရာနယ်ပယ်တွင် ဥပဒေများကို သိရှိနားလည်ပြီး လုပ်ငန်းကျွမ်းကျင်မှုရှိရုံသာမက အခြေအနေ၊ အချိန်အခါအလိုက် မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ခြင်း၊ ပြောင်းလဲလာသော နည်းပညာနှင့် လုပ်ငန်းပတ်ဝန်းကျင်ကို လိုက်လျောညီထွေစွာ ဖြေရှင်းနိုင်ခြင်း၊ ပြည်သူ့အကျိုးစီးပွားကို ရှေးရှုသော တရားမျှတမှုကို အလေးထားခြင်းတို့သည်လည်း လိုအပ်ပါသည်။

ထိုသို့သော အရည်အချင်းများကို ပေါင်းစပ်ထားပြီး အရည်အချင်းပြည့်မီသည့် ဥပဒေအရာရှိတစ်ဦးကို "S.M.A.R.T Law Officer"ဟူသော စကားရပ်ဖြင့် တင်စားဖော်ညွှန်းလိုပါသည်။ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်တွင် အဓိကပါဝင်ဆောင်ရွက်နေကြသည့် ဥပဒေအရာရှိများ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်စွာ အရေးပါလာသည့်အလျောက် လုပ်ထုံးလုပ်နည်းများအရ ပုံမှန်သမားရိုးကျ ဆောင်ရွက်သည့် ဥပဒေအရာရှိများထက် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ပြီး ထိရောက်ထက်မြက်သည့် "S.M.A.R.T Law Officer" များအဖြစ် ထိန်းကျောင်းပျိုးထောင်ရန် လိုအပ်လျက်ရှိပါသည်။

"S.M.A.R.T"ဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်ကို "S.M.A.R.T" ဟူ၍လည်းကောင်း၊ "Smart"ဟူ၍လည်းကောင်း အသုံးအနှုန်းများအား လေ့လာတင်ပြလိုပါသည်။

### "S.M.A.R.T" စကားလုံးကို စာလုံးတစ်လုံးစီအလိုက် ရည်ညွှန်းဖော်ပြရှင်းလင်းခြင်း

ယခုဆောင်းပါး၌ အဘိဓာန်များ၏ ဖွင့်ဆိုချက်များသာမက "S.M.A.R.T" ဟူသည့် စကားလုံး၏ အက္ခရာတစ်လုံးစီတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်အကောင်အထည်ဖော် ဆောင်ရွက်ချက်များအရ ဥပဒေအရာရှိတစ်ဦး ရှိသင့်ရှိထိုက်သည့်၊ ပြည့်စုံရန် လိုအပ်မည့် အရည်အသွေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြလိုက်ရပါသည်။

ပထမဆုံးအနေဖြင့် **S** စာလုံးကို **Subject Matter Mastery** (အကြောင်းအရာနှင့် ဥပဒေဆိုင်ရာကျွမ်းကျင်မှု) ဟုသတ်မှတ်ပါမည်။ ဥပဒေအရာရှိတစ်ဦးသည် မိမိကိုင်တွယ်ရသည့်အမှု၏ အကြောင်းအရာအချက်အလက်များ(Subject)၊သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်သိရှိထားရမည်ဖြစ်ပါသည်။ ဥပဒေအရာရှိတစ်ဦးသည် ရာဇဝတ်ဥပဒေ၊ တရားမဥပဒေ၊ အထူးဥပဒေများအပြင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် နည်းပညာဆိုင်ရာဥပဒေများ၊ ခေတ်ပေါ်ဥပဒေများအထိ သက်ဆိုင်ရာ Subject-matter အလိုက် အထူးပြုကျွမ်းကျင်မှုရှိရပါမည်။ ရှုပ်ထွေးသော အမှုဖြစ်စဉ်များနှင့် ဥပဒေအကြံတောင်းခံမှုများ၊ မေးမြန်းမှုများကို တိကျမှန်ကန်စွာ သုံးသပ်အကြံပြုနိုင်ရန် ဘာသာရပ်အကြောင်းအရာအလိုက် ကျွမ်းကျင်နားလည်မှုရှိရေးသည် အထူးအရေးကြီးပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ ဘာသာရပ်ကျွမ်းကျင်မှုရှိစေရန် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဘာသာရပ်အလိုက် သင်တန်းများနှင့် ဆွေးနွေးပွဲများကျင်းပခြင်း၊ သုတေသနစာတမ်းများ ပြုစုရေးသားစေခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဒုတိယစာလုံးဖြစ်သည့် **M** ကို **Manner & Professional Conduct** (အပြုအမူနှင့် ကျင့်ဝတ်သိက္ခာ)ဟု သတ်မှတ်ပါမည်။ ဥပဒေအရာရှိတစ်ဦးသည် တရားခွင်အတွင်း၌လည်းကောင်း၊ ပြည်သူနှင့် ဆက်ဆံရာ၌လည်းကောင်း သပ်ရပ်သန့်ရှင်းသော ဝတ်စားဆင်ယင်မှု၊ ခန့်ညားသောအမူအရာ၊ သမာသမတ်ကျသော ကျင့်ဝတ်နှင့် စည်းကမ်းတကျရှိသော အပြုအမူတို့ကို စံနမူနာပြထိန်းသိမ်းရမည်ဖြစ်ပါသည်။ ဥပဒေအရာရှိတစ်ဦးတွင် ဥပဒေကျွမ်းကျင်ရုံမျှမကဘဲ ပြည်သူများနှင့် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာသော ကျင့်ကြံပြုမူပုံရှိရပါမည်။ ထို့အပြင် ကိုယ်ကျင့်တရားခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ လာဘ်ပေးလာဘ်ယူရှောင်ရှားနိုင်မှုတို့သည် ဥပဒေအရာရှိတစ်ဦး၏ တန်ဖိုးများဖြစ်ပါသည်။ ဥပဒေအရာရှိ ကျင့်ဝတ်ပါ အခြေခံမူများအတိုင်း ခိုင်မာစွာ ရပ်တည်သည့် အပြုသဘောဆောင်သော စိတ်ဓာတ်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ယှဉ်တွဲရှိရန် လိုအပ်ပါသည်။

ယင်းအတွက်ကြောင့် ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေအရာရှိကျင့်ဝတ်ကို ၂၀၁၇ ခုနှစ်ကတည်းကပင် ရေးဆွဲပြဋ္ဌာန်းထားပြီး ဥပဒေရုံးအဆင့်ဆင့်ရှိဥပဒေအရာရှိများအားလုံး ဥပဒေအရာရှိကျင့်ဝတ်ကို သိရှိနားလည်၍ လေးစားလိုက်နာဆောင်ရွက်မှု အားကောင်းစေရန် ဆွေးနွေးပွဲများကျင်းပခြင်း၊ သင်တန်းများပေးခြင်း၊ တွေ့ဆုံမေးမြန်းမှုများပြုခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

တတိယမြောက်စာလုံးဖြစ်သည့် **A** ကို **Advocacy** (ဥပဒေကြောင်းအရ ခုခံကာကွယ်သောစွမ်းရည်) ဟု ရည်ညွှန်းပါမည်။ Advocacy သည် အထူးသဖြင့် တရားရုံး သို့မဟုတ် ဥပဒေရေးရာလုပ်ငန်းစဉ်များတွင် အကျိုးစီးပွားတစ်ရပ်ကို ဥပဒေနှင့်အညီ ထိရောက်စွာ ကိုယ်စားပြုတင်ပြခြင်းနှင့် ဆက်စပ်ပါသည်။ ထို့ကြောင့် Advocacy ကို ဥပဒေအရာရှိတိုင်း၏ လုပ်ငန်းတာဝန်နှင့်ကိုက်ညီသည့် အရည်အချင်းတစ်ရပ်အဖြစ် ရှိထားရမည့်အရာဟု ဖော်ပြလိုပါသည်။

ဥပဒေအရာရှိတစ်ဦးသည် တရားရုံး၌ အမှုလိုက်ပါ လျှောက်လဲရာတွင်လည်းကောင်း၊ အစိုးရဌာနများနှင့် အများပြည်သူအား ဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း တိကျခိုင်မာစွာ ထုချေလျှောက်လဲနိုင်သည့် စွမ်းရည်ရှိရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ဥပဒေရေးရာဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်တွင် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center) ကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဥပဒေအရာရှိများ၏ အမှုလိုက်ပါဆောင်ရွက်သည့် အရည်အသွေးနှင့် စွမ်းရည်များ ပိုမိုထက်မြက်လာစေရန် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါသည်။

စတုတ္ထမြောက် စာလုံးဖြစ်သည့် **R** ကို (**Regulation and Responsibility**) (စည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံးမှုနှင့် တာဝန်ယူမှု) ဟု ဖော်ပြလိုပါသည်။ ဥပဒေအရာရှိတစ်ဦးသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို မှန်ကန်စွာ လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများကို သိရှိရုံသာမက ယင်းတို့၏ ရည်ရွယ်ချက်၊ ကန့်သတ်ချက်များကိုလည်း သိရှိထားရမည်ဖြစ်ပါသည်။ ဌာနဆိုင်ရာများမှ ပေးပို့လာသော ဥပဒေ၊ နည်းဥပဒေများ၊ စာချုပ်စာတမ်းများနှင့် မူဝါဒများကို မှန်ကန်စွာ စိစစ်၍ လုပ်ငန်းများကို တိကျစွာ ဆောင်ရွက်နိုင်ရမည်ဖြစ်သကဲ့သို့ ဥပဒေများ ပြင်ဆင်ပြောင်းလဲလာမှု၊ သက်ဆိုင်ရာ စီရင်ထုံးများနှင့် ဥပဒေရေးရာ အယူအဆသစ်များကို အမြဲမပြတ် လေ့လာသုတေသနပြုခြင်းဖြင့် မိမိ၏ အရည်အချင်းကို တိုးတက်စေရမည်ဖြစ်ပါသည်။ မိမိ၏ အကြံပြုချက်၊ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်များအတွက် တာဝန်ယူခြင်း၊ မှားယွင်းမှုရှိပါက တာဝန်ခံပြင်ဆင်ခြင်းတို့သည်လည်း တာဝန်သိသော ဥပဒေအရာရှိတစ်ဦး၏ အရည်အချင်းများအဖြစ် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

နောက်ဆုံးစာလုံးဖြစ်သည့် **T** သည် **Technology Literacy & Timeliness** (နည်းပညာနားလည်တတ်မြောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု) တို့အဖြစ် ဖော်ပြသတ်မှတ်ပါမည်။ ယနေ့ဒစ်ဂျစ်တယ်ခေတ်တွင် ဥပဒေအရာရှိတစ်ဦးသည် ရုံးလုပ်ငန်းစဉ်များနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်များတွင် နည်းပညာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သည့် နည်းပညာနားလည်တတ်မြောက်မှုရှိရပါမည်။ ထို့ပြင် "Justice delayed is justice denied" “တရားမျှတမှုကို ကြန့်ကြာစေခြင်းသည် တရားမျှတမှုကို ငြင်းပယ်ခြင်းနှင့်တူသည်”ဟူသည့် ဆိုရိုးအတိုင်း ပြည်သူများနှင့် အစိုးရဌာနများ၏ ဥပဒေရေးရာကိစ္စရပ်များကို နည်းပညာအသုံးပြု၍ ကြန့်ကြာမှု မရှိဘဲ အချိန်မီထိရောက်စွာ ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ရပါမည်။

အမှုများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ ဥပဒေသတင်းအချက်အလက်များကို ယုံကြည်စိတ်ချရသော အွန်လိုင်းအရင်းအမြစ်များမှ ရှာဖွေခြင်း၊ ရုံးလုပ်ငန်းများတွင် နည်းပညာအသုံးပြုဆောင်ရွက်ခြင်းတို့သည် လုပ်ငန်းထိရောက်မြန်ဆန်မှုကို ပိုမိုမြှင့်တင်ပေးနိုင်ပါသည်။ သက်ဆိုင်ရာဌာနများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် e-Government system ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ ရှင်းလင်းတင်ပြခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များကို နည်းပညာအသုံးပြု၍ စနစ်တကျမှတ်တမ်းတင်ထားရှိခြင်းတို့သည် အဖွဲ့အစည်းအတွင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေပြီး ယုံကြည်မှုကို တိုးပွားစေပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် ယင်းအချက်ကို အလေးပေး၍ နိုင်ငံတစ်ဝန်းတွင် စံပြဥပဒေရုံးများ တည်ထောင်ခဲ့ပါသည်။ နစ်နာသူသက်သေများကို တရားမျှတမှုရရှိစေရန် ကူညီဆောင်ရွက်ပေးရာတွင် လုပ်ငန်းများ သွက်လက်မြန်ဆန်စေရေးနှင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် လျင်မြန်ချောမွေ့စွာ ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စံပြဥပဒေရုံးများက ဆောင်ရွက်လျက်ရှိကြပါသည်။

ဥပဒေသတင်းအချက်အလက်များကို ယုံကြည်စိတ်ချရသော အွန်လိုင်းအရင်းအမြစ်များမှ ရှာဖွေခြင်းအတွက် ဥပဒေရေးရာဝန်ကြီးဌာနသည် **ဥပဒေသတင်းအချက်အလက်ရယူနိုင်သည့် အရှေ့တောင်အာရှတွင် တစ်ခုတည်းသောဥပဒေဆိုင်ရာ** Website ဖြစ်သည့် Myanmar Law Information System (MLIS)ကို ၂၀၁၈ ခုနှစ်ကတည်းက စတင်တည်ထောင်ထားပြီး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ MLIS သည် မြန်မာနိုင်ငံ၏ ဥပဒေများ၊ နည်းဥပဒေများနှင့် နိုင်ငံတကာစာချုပ်များကို မြန်မာ+အင်္ဂလိပ်နှစ်ဘာသာဖြင့် အခမဲ့ရယူလေ့လာနိုင်သည့် ဥပဒေဆိုင်ရာ Website ဖြစ်ပါသည်။ MLIS Website **ကို အမြဲ update ဖြစ်နေစေရန် ဆောင်ရွက်ထားသဖြင့် ဥပဒေအရာရှိများသာမက ဥပဒေနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ဥပဒေလေ့လာသူများ၊ ကျောင်းသူကျောင်းသားများနှင့် ပြည်သူများအနေဖြင့် အချိန်နေရာမရွေး လေ့လာနေကြပြီဖြစ်ပါသည်။**

ထို့ပြင် ယနေ့အချိန်အခါ၌ AI နည်းပညာ အလွန်ခေတ်စားလာပြီး အသုံးပြုမှု များပြားလာသဖြင့် ဥပဒေရေးရာဝန်ကြီးဌာနသည် AI နည်းပညာဖြင့် ဥပဒေအသိပညာ ပြန့်ပွားရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းကာ AI ကို ဥပဒေအသိပညာနှင့် ချိတ်ဆက်၍ ဥပဒေဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ AI နည်းပညာကို အသုံးပြုခြင်းဖြင့် ဥပဒေအရာရှိများ နည်းပညာနားလည်ကျွမ်းကျင်တတ်မြောက်မှုအပြင် ဥပဒေဆိုင်ရာ သတင်းအချက်အလက်များကို အလွယ်တကူနှင့် လက်လှမ်းမီစွာ ရရှိနိုင်ခြင်းကြောင့် လုပ်ငန်းတာဝန်များ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### အဘိဓာန်များတွင် အဓိပ္ပာယ်ဖွင့်ဆိုမှုများ

S.M.A.R.T ဟူသည့် အသုံးအနှုန်းကို စာလုံးတစ်လုံးစီအလိုက် ဖော်ပြပြီးနောက် "smart" ဟူသောစကားရပ်ကို ထင်ရှားသည့်အဘိဓာန်ကြီးများတွင် ရှာဖွေကြည့်ရာ အောက်ပါအတိုင်း ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်-

Oxford Advanced Learner’s Dictionary တွင် “smart” ကို ဉာဏ်ကောင်းသော (intelligent)၊ လျင်မြန်စွာ စဉ်းစားတွေးခေါ်နိုင်ပြီး နားလည်သဘောပေါက်လွယ်သောဟုလည်း ဆက်စပ်ဖော်ပြထားသည်။

Cambridge Dictionary ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ “smart” သည် ဉာဏ်ရည်ထက်မြက်သော၊ လျင်မြန်ထက်မြက်စွာ ဆောင်ရွက်နိုင်သောဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

*စာမျက်နှာ ၁၅ သို့*

## သီတင်းကျွတ်လ ကြီးစွဂုဏ်အင် မြတ်မိခင်

- သီတင်းကျွတ်လ ပြည့်သည့်ညဝယ်
နွဲ့ကြဆောင်ယောင် ဆီမီးရောင်ရှိန်
ဝင်းဝင်းထိန်ညီး ထွန်းညှိပြီးကာ
မီးပုံးပြာနှင့် နီလာရောင်စုံ
လှမျိုးကုန်အောင် ဝိုင်းအုံစုလျက်
မျှော်ထက်အာကာ မိုးဝဠာသို့
စုံဖြာဆယ်ချောင်း လက်ချင်းပေါင်းလျက်
သောင်းသောင်းဖြဖြ ကြိုဆိုကြသည်
ဗုဒ္ဓမြတ်စွာ ဝတ်သာမှ
မြန်စွာမနေး ကြွလာချီ။
- မြတ်ဘုန်းဗုဒ္ဓ ပြန်ကာကြွလာ
ဝတ်သာတွင် လွန်စွာခဲဆစ်
တရားနှစ်သာ အဘိဓမ္မာကို
ဝါတွင်းသုံးလ ဟောကြားရခြင်း
အကြောင်းရင်းမှာ သည်းချာမယ်တော်
နတ်အဖော်ပေါင်း ကျွတ်စေကြောင်းဖြင့်
ကောင်းကျိုးရစေခဲ့လေပြီ။
- ဘုရားသော်မှ မိမာတ၏
ကြီးစွကျေးဇူး အထူးထူးကို
ဆပ်ခဲ့ဖူးကြောင်း အသိကောင်းဖြင့်
ခပေါင်းလူတို့ ဆပ်ဖို့ကျေးဇူး
သတိဦးလော့ မပေါ့မဆ
ဝီရိယဖြင့် ရှိသင့်စိတ်ကူး
ဤနေ့ထူးဝယ် ရှင်မြူးတက်ကြွ
သတိရစေ တိုက်တွန်းပေ၏
မှတ်လေမချွတ် ဤသီတင်းကျွတ်။

***ဘိုမျိုး(ရွှေဘို)***

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဒီဂျစ်တယ်အသုံးပြုသင်ကြားသင်ယူမှုစနစ်များနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပညာရေးအရည်အသွေးမြှင့်တင်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လှဲလှဲသိန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



**ကွင်းဆင်းကြည့်ရှုစစ်ဆေး**

အောက်တိုဘာ ၂၀ ရက်တွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) နှင့် ကွန်ပျူတာတက္ကသိုလ် (မန္တလေး) တို့သို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားလိုင်း... 

လျှင်ဒဏ်သင့် ပင်မဆောင်များနှင့် အခြားအဆောက်အအုံများ၏ ပြန်လည်ပြုပြင်တည်ဆောက်ရေးနှင့် ကြံ့ခိုင်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး တက္ကသိုလ်များ၏ အခြေခံအဆောက်အအုံများကို ဘေးအန္တရာယ်ဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်အသုံးပြုနိုင်သည့် အခြေအနေဖြစ်စေရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေးနှင့် အဆောက်အအုံများ၏ကြံ့ခိုင်မှု၊ ဘေးကင်းလုံခြုံမှုတို့အား အလေးထားဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ထို့ပြင် တက္ကသိုလ်ဝင်းများ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းသား ကျောင်းသူများအတွက် ကောင်းမွန်သင့်လျော်သော သင်ကြားသင်ယူမှုပတ်ဝန်းကျင် ဖန်တီးပေးရေး တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ တက္ကသိုလ်များတွင် ဒီဂျစ်တယ်အခြေပြု သင်ကြားသင်ယူမှုစနစ်များ ပိုမိုကျယ်ပြန့်စွာ အသုံးချနိုင်ရေး၊ သင်ကြားရေးနှင့် လက်တွေ့လေ့ကျင့်ရေးလုပ်ငန်းများတွင် ဒီဂျစ်တယ် နည်းပညာများ ထိရောက်စွာ ပေါင်းစပ်အသုံးပြုနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

အောက်တိုဘာ ၂၁ ရက်တွင် ဒုတိယဝန်ကြီးသည် မန္တလေးနည်းပညာတက္ကသိုလ်သို့ သွားရောက်၍ သင်ကြားသင်ယူမှုများ၊ သုတေသနလုပ်ငန်းများနှင့် တက္ကသိုလ်၏ ပညာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး ပြောင်းလဲတိုးတက်လာသည့် သိပ္ပံနှင့်နည်းပညာခေတ်နှင့်အညီ ဒီဂျစ်တယ် နည်းပညာ၊ ဉာဏ်ရည်တု (AI) နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူအသုံးချရန်၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် နည်းပညာအသုံးချမှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွမ်းရည်များ မြှင့်တင်ရေးနှင့် တီထွင်ဆန်းသစ်မှုကို အခြေခံသည့် သုတေသနလုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်၏ ပင်မဆောင်၊ လက်တွေ့ခန်းများ၊ စာကြည့်တိုက်နှင့် အားကစားကွင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်ကြားသင်ယူမှုနှင့် လက်တွေ့လေ့ကျင့်မှုများ ထိရောက်စေရေး၊ အဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းအသုံးပြုရေး မှာကြားခဲ့သည်။

အောက်တိုဘာ ၂၂ ရက်တွင် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ အဆင့်မြင့်စာပေပညာဗဟိုဌာန၌ မြန်မာအာကာသအေဂျင်စီက ကျင်းပသည့် “Conference on Science and Technology Development 2026 (CSTD–2026) in Cooperation with Space Science and Satellite Technology Advancement Program” သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၄ မှ*

Collins English Dictionary တွင်လည်း “smart” ကို ဉာဏ်ရည်ထက်မြက်သော၊ အမြော်အမြင်ရှိသော၊ လိမ္မာပါးနပ်သောအဓိပ္ပာယ်များနှင့် ဆက်စပ်ဖွင့်ဆိုထားသည်။

အလားတူ Merriam–Webster Dictionary တွင် "smart"ကို ဉာဏ်ကောင်းသော၊ ဉာဏ်ပွင့်လင်းသော၊ ဝေဖန်ပိုင်းခြားနိုင်သော၊ သွက်လက်တက်ကြွသောဟု ဖော်ပြထားသည်။

အဆိုပါ အဘိဓာန်များ၏ ဖွင့်ဆိုချက်များကို စုစည်းသုံးသပ်ကြည့်လျှင် "smart" ဟူသည် ဉာဏ်ရည်ထက်မြက်ခြင်းတစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ အမြော်အမြင်ရှိခြင်း၊ လိမ္မာပါးနပ်ခြင်း၊ အခြေအနေတစ်ရပ်ကို လျင်မြန်စွာ စဉ်းစားတွေးခေါ်ပြီး ဝေဖန်ပိုင်းခြားသုံးသပ်နိုင်ခြင်းတို့နှင့်လည်း ဆက်စပ်နေကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဥပဒေရေးရာနယ်ပယ်တွင် Smart Law Officer ဆိုသည်မှာ ဉာဏ်ရည်ထက်မြက်ရုံမျှမက လျင်မြန်စွာ စဉ်းစားတွေးခေါ်နိုင်၍ ဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်များကို တိကျစွာ ချမှတ်နိုင်ပြီး ခေတ်နှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်သော ဥပဒေအရာရှိဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

အထက်ပါအရည်အချင်းများနှင့် ပြည့်စုံသည့် S.M.A.R.T Law Officer တစ်ဦးဖြစ်စေရန် ဉာဏ်ရည်ထက်မြက်ခြင်း၊ ဥပဒေကျွမ်းကျင်ခြင်း၊ နည်းပညာအသုံးပြုနိုင်ခြင်း စသည့်အရည်သွေးများသာမက စဉ်းစားတွေးခေါ်နိုင်မှု၊ ဥပဒေကို ကျွမ်းကျင်ပိုင်နိုင်မှု၊ ကိုယ်ကျင့်တရားခိုင်မာမှု၊ ဥပဒေရေးရာအကြောင်းပြချက်များကို ထိရောက်စွာ တင်ပြနိုင်မှု၊ သုတေသနပြုလေ့လာမှု၊ တာဝန်ယူမှုနှင့်တာဝန်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ပေါင်းစပ်ထားနိုင်ခြင်းဖြင့် အရည်အချင်းပြည့်ဝသော ဥပဒေအရာရှိတစ်ဦး၏ပုံရိပ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။

ထို့ကြောင့် S.M.A.R.T ဟူသော အယူအဆကို အတိုကောက်စကားလုံးတစ်ခုအဖြစ် အမြဲမှတ်သားထားရုံသာမကဘဲ မိမိ၏ အသိပညာ၊ လုပ်ရည်ကိုင်ရည်နှင့် ကိုယ်ကျင့်တရားတို့ကို စဉ်ဆက်မပြတ် မြှင့်တင်ရန် လမ်းညွှန်ချက်တစ်ရပ်အဖြစ် ကျင့်သုံးရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်သစ် S.M.A.R.T Law Officer တစ်ဦးသည် စာလုံးတစ်လုံးချင်း၏ ရည်ညွှန်းဖော်ပြသော အရည်အသွေး ငါးခုကို ပေါင်းစပ်ကျင့်သုံးကာ လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိစေရန် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သည့် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြမည့် တက်ကြွထက်မြက် စနစ်ကျ ပုံစံကျ ဥပဒေအရာရှိကောင်းတစ်ဦးဖြစ်စေရန် မဆုတ်မနစ်သောဇွဲဖြင့် ကြိုးစားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းဖော်ပြလိုက်ရပါတော့သည်။ ။

**ကိုးကားစာရင်း (References)**


1. Oxford University Press. (n.d.). Smart: Oxford Advanced Learner’s Dictionary. Retrieved October 10, 2026, from https://www.oxfordlearnersdictionaries.com/definition/english/smart_1
2. Cambridge University Press & Assessment. (n.d.). Smart: Cambridge Dictionary (American English). Retrieved October 10, 2026, from https://dictionary.cambridge.org/us/dictionary/english/smart?q=smart.
3. HarperCollins Publishers. (n.d.). Smart: Collins English Dictionary. Retrieved October 10, 2026, from https://www.collinsdictionary.com/dictionary/english/smart
4. Merriam–Webster. (n.d.). Smart: Definition and Meaning. Retrieved October 10, 2026, from https://www.merriam-webster.com/dictionary/smart

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ တစ်လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကိုခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများအား ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၂ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၀ ဒသမ ၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၄ ဒသမ ၅ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်းနှင့် တမံကျိုးပေါက်မှုအန္တရာယ်စိုးရိမ်ဖွယ် မရှိတော့သဖြင့် ရေလှောင်တမံ ဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေး စခန်းများမှ ၎င်းတို့၏နေအိမ်များသို့ပြန်လည်ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

❍ *ကျော်ဖုံးမှ*

အဆင့်(၇)နေရာမှ FALCON အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲချိန် ၄၈ မိနစ်တွင် ပိုင်ဇေထွန်းက GALAXY အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၄၉ မိနစ်တွင် ညီညီသန့်က FALCON အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပွဲပြီးချိန်တွင် တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

တောင်ဒဂုံကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်း အတွက် အနိုင်ဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် အောင်ဇော်ဦးက ပယ်နယ်တီမှ သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါပွဲစဉ်၏ AYA Pay Man of the Match ဆုကို ဟံသာဝတီအသင်းမှ ခြေစွမ်းပြကစားခဲ့သည့် အောင်ဇော်ဦးက ရရှိခဲ့သည်။

အပတ်စဉ်(၂၀) ပြိုင်ပွဲများအပြီးတွင် ISPE အသင်းက ရမှတ် ၄၇ မှတ်ဖြင့် ဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်က ၄၆ မှတ်ဖြင့် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိသည်။ ဒဂုံစတားယူနိုက်တက်က ရမှတ် ၄၀၊ ရှမ်းယူနိုက်တက်က ၃၇ မှတ်၊ ရတနာပုံက ၃၃ မှတ်၊ ရန်ကုန်စီးတီးက ၃၁ မှတ်၊ FALCON နှင့် GALAXY အသင်းတို့က ၂၉ မှတ်စီ၊ သစ္စာအားမာန်က ၂၈ မှတ်၊ ဧရာဝတီယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်တို့က ၂၀ မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်က ၁၈ မှတ်၊ မြဝတီ ၁၀ မှတ်နှင့် ချင်းလန်းအသင်းက ၄ မှတ်ရရှိထားသည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

❑ *ကျော်ဖုံးမှ*

အောက်တိုဘာ ၂၅ ရက်တွင် သီဟဒီပကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ သန်လျင်စတားစီးတီးကွင်း၌ ချင်းလန်းအသင်းနှင့် မြဝတီအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အပတ်စဉ်(၄) ပွဲစဉ်များအပြီးတွင် ဒဂုံစတားယူနိုက်တက်က ရမှတ် ၁၀ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။ ရန်ကုန်စီးတီးက ၈ မှတ်ဖြင့် ဒုတိယ၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ရမှတ် ၇ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်က ၆ မှတ်၊ သစ္စာအားမာန်က ၅ မှတ်၊ စစ်ကိုင်းယူနိုက်တက်၊ ISPE နှင့် ဟံသာဝတီယူနိုက်တက်တို့က ၄ မှတ်စီ၊ ဧရာဝတီယူနိုက်တက်က ၃ မှတ် ရရှိထားပြီး ချင်းလန်းနှင့် မြဝတီအသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**နေမျိုး**
**ဓာတ်ပုံ-ML**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇,၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇,၅၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လူငယ်တွေ၊ ဝါသနာရှင်တွေအနေနဲ့ ခေတ်ဟောင်းသီချင်းတွေကို ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက်ကြောင့် ခေတ်ဟောင်းသံစဉ်တွေကို ဒီခေတ်မှာ ပိုပြီးတော့ပေါ်လွင်အောင်ပြတယ်လို့မြင်ပါတယ်

မခင်ချမ်းမြေ့ကောင်း

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည် -


မခင်ချမ်းမြေ့ကောင်း


မောင်ဟိန်းသုတ


မစန်းစန်းသိန်း


မဖူးနန္ဒာကို


မသွန်းထက်ထက်နှင်း


မောင်စည်သူ

**မခင်ချမ်းမြေ့ကောင်း၊ (အခြေခံပညာ ၁၅-၂၀)**
**အတီး(စန္ဒရား)ပြိုင်ပွဲဝင်**
**ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်မကတော့ စန္ဒရားပညာနဲ့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အရင်ကတော့ စောင်းနဲ့ ဗဟိုအဆင့်မှာ ဝင်ရောက်ယှဉ်ပြိုင်ဖူးပါတယ်။ ဆုရရှိဖူးတာတော့ မရှိပါဘူး။ ဒါပေမယ့်လည်း လုံးဝလက်မလျှော့ဘဲ ကြိုးစားနေမှာပါ။ အနုပညာမျိုးရိုးကတော့ မရှိပါဘူး။ ညီမအနေနဲ့ အနုပညာကို ဝါသနာပါတာကြောင့်ပါ။ အခုလို ပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက်ကြောင့် လူငယ်တွေ၊ ဝါသနာရှင်တွေ အနေနဲ့ ခေတ်ဟောင်းသီချင်းတွေကို ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် ကြောင့် ခေတ်ဟောင်းသံစဉ်တွေကို ဒီခေတ်မှာ ပိုပြီးတော့ပေါ်လွင်အောင် ပြတယ်လို့မြင်ပါတယ်။ အနာဂတ်မျိုးဆက်သစ်တွေအတွက်လည်း ကိုယ်တတ်ကျွမ်းသမျှပညာရပ်တွေအားလုံးကို ပြန်ပြီးတော့ ပြည့်ပြည့်စုံစုံ မျှဝေပေးသွားမှာ။

**မောင်ဟိန်းသုတ၊ (အခြေခံပညာ ၁၀-၁၅)**
**အတီး(စန္ဒရား)ပြိုင်ပွဲဝင်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော်အသက်ရှစ်နှစ်မှာ အဖေက စန္ဒရားပညာကို ဦးစွာ သင်ပေးပါတယ်။ လတ်တလောမှာတော့ ဆရာဦးတင်ဝမ်း၊ ဆရာဦးသော်ဇင်၊ ဆရာဦးအောင်သက်ပိုင်မိုးတို့က သင်ပေးပါတယ်။ အခု (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ကျောင်းစဖွင့်တဲ့ ဇွန်လကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ သုံးကြိမ်ရှိသွားပါပြီ။ အရင်က ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာတော့ မားယွင်းစွာ တီးခတ်မိတဲ့အတွက် ဆုတံဆိပ်နဲ့လွဲခဲ့ရပါတယ်။ ဒီတစ်ကြိမ်မှာတော့ အားရကျေနပ်မှုရှိခဲ့ပါတယ်။ အခုလိုပြိုင်ပွဲတွေဟာ ကျွန်တော်တို့လူငယ်တွေအတွက် မြန်မာ့ရိုးရာဂီတနဲ့ အနုပညာကို မြတ်နိုးတဲ့စိတ်တွေ၊ ဖွံ့နပဲကြီးစွာနဲ့ သီချင်းတွေကို ကြိုးစားတီးခတ်ရတဲ့အတွက် စိတ်ဓာတ်ကိုလည်း ခိုင်မာစေပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့လို အနုပညာကို ဝါသနာပါတဲ့ လူငယ်တွေအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမလဲဆိုတာတွေ၊ ဘယ်လောက်တန်ဖိုး ရှိလဲဆိုတာတွေ သိလာရပါတယ်။

**မစန်းစန်းသိန်း (အဆင့်မြင့်ပညာ၊ အက)**

ကျွန်မက မွန်ပြည်နယ်ကို ကိုယ်စားပြုယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ မနှစ်ကလည်း ဆုမရတဲ့အတွက် ဒီနှစ်ကိုတော့ အများကြီးပြင်ဆင်ခဲ့ပါတယ်။ အခုယှဉ်ပြိုင်ပြီးတဲ့အပေါ်မှာလည်း ကျေနပ်အားရမှုရှိပါတယ်။ နောက်နှစ်ကတော့ မပြိုင်ဖြစ်တော့ပါဘူး။ သူနာပြုအလုပ်နဲ့ နိုင်ငံ့ဝန်ထမ်းလုပ်တော့မှာကြောင့်ပါ။ အခုလို တိုင်းရင်းသားအချင်းချင်း စည်းစည်းလုံးလုံးနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့အတွက် အများကြီး ပျော်ခဲ့ရပါတယ်။

**မဖူးနန္ဒာကို၊ (အခြေခံပညာ ၁၀-၁၅) အတီး(စန္ဒရား)**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်မက မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြီး ဗဟိုအဆင့်မှာ တတိယအကြိမ် လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကြိမ်က တတိယဆုတွေပဲရခဲ့ပါတယ်။ ဒီနှစ်အတွက် ရွှေတံဆိပ်ရအောင် အများကြီး ပြင်ဆင်ခဲ့ပါတယ်။ နောက်နှစ်တွေမှာလည်း လာရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ပြိုင်ဖြစ်ရင်တော့ အဆိုဘာသာရပ်နဲ့ ယှဉ်ပြိုင်မယ်လို့ စိတ်ကူးထားပါတယ်။

**မသွန်းထက်ထက်နှင်း၊ (အခြေခံပညာ ၁၀-၁၅) အတီး(တယော)**

တယောပညာကို အသက် ခုနစ်နှစ်ကတည်းကစပြီး လေ့လာသင်ယူခဲ့ပါတယ်။ ကျွန်မဘိုးဘိုးရဲ့ အမွေကိုဆက်ခံပြီး တယောပညာကို လေ့လာသင်ယူတာဖြစ်ပါတယ်။ ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပထမဆုံးအကြိမ်အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် သီချင်းသုံးပုဒ်ကို ကျွမ်းကျင်ပိုင်နိုင်တဲ့အထိ လေ့ကျင့်ပြင်ဆင်ထားပါတယ်။ အမှားတွေ အများကြီးပါမှာလည်း ကြောက်ပါတယ်။ တခြားတူရိယာဖြစ်တဲ့ စန္ဒရားပညာကိုလည်း လေ့လာသင်ယူနေပါတယ်။ ပြိုင်ပွဲကြီးကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**မောင်စည်သူ၊ (အခြေခံပညာ ၁၀-၁၅) အတီး(ပလွေ)**
**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော့်အနေနဲ့ အနုပညာကိုချစ်တယ်။ မြတ်နိုးတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း အခုလက်ရှိမှာ ဆိုင်းဝိုင်းအဖွဲ့နဲ့ လိုက်ပြီး အသက်မွေးဝမ်းပြုနေပါတယ်။ အခုလို မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းတဲ့အနေနဲ့ နိုင်ငံတော်အကြီးအကဲက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြိုင်ပွဲကြီးကျင်းပပေးနေတဲ့အခါ ကျွန်တော်တို့လို လူငယ်မျိုးဆက်သစ်တွေက ပိုပြီးမြတ်နိုးတန်ဖိုးထားတတ်ရပါမယ်။ ပြိုင်ပွဲဝင်တွေအနေနဲ့ ဆုတံဆိပ်ရခြင်း၊ မရခြင်းကို ပဓာနမထားဘဲ ကိုယ့်ရိုးရာကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အမွေအနှစ်တွေကို လက်ဆင့်ကမ်းထိန်းသိမ်းခွင့်ရတယ်လို့ပဲခံယူပြီး တန်ဖိုးထားရပါမယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဟိန်းဇော်မင်း**

## မိုင်းခတ်မြို့ ယန်းမိုင်(လားဟူ)ကျေးရွာ၌ မိုးစပါးရာသီရေဆင်းပေါ်ဆန်း-၂ စမ်းသပ်စိုက်ခင်း စံကွက်ရိတ်သိမ်း



**မိုင်းခတ် အောက်တိုဘာ ၂၂**

မိုင်းခတ်မြို့နယ်၌ ၂၀၂၆-၂၀၂၇ မိုးစပါးရာသီ ရေဆင်းပေါ်ဆန်း-၂ စမ်းသပ်စိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၁ ရက်က ယန်းမိုင်(လားဟူ)ကျေးရွာ တောင်သူဦးကျစီး၏ လယ်မြေ(၁)ကေ၌ ဆောင်ရွက်သည်။

အဆိုပါရေဆင်းပေါ်ဆန်း-၂ စမ်းသပ်စိုက်ခင်း စံကွက်ရိတ်သိမ်းရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်နှင့် တာဝန်ရှိသူများက ဝမ်ခုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ပြီး ရေဆင်းပေါ်ဆန်း-၂ စံကွက်ရိတ်သိမ်းရာတွင် အစိုထွက်နှုန်း ၁၀၁ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။ **နန်းနွယ်နီ(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**မြစ်သား အောက်တိုဘာ ၂၂**

မြစ်သားမြို့နယ်အတွင်းရှိ မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသော တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ တိုက်ရိုက်ချေးငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၁ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က တောင်သူများအား ချေးငွေထုတ်ချေးပေးမှု စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မြစ်သားမြို့နယ်အတွင်းရှိ မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသော တောင်သူများအား ချေးငွေများ ပေးအပ်သည်။

မိုး/မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူ ၂၃၈ ဦး၊ စိုက်ဧက ၁၀၀၀ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်။

**ဝါဝါမြင့်(မြစ်သား)**



## ဝိုင်းမော်မြို့၌ ငါးမွေးမြူရေး အသိပညာပေးဟောပြော

**ဝိုင်းမော် အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက မြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ငါးမွေးမြူရေးလုပ်ငန်းတွင် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက်က နောင်တာလောကျေးရွာရှိ ဦးဟောင်းခေါင်၏ ငါးမွေးကန်၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးဝေမိုးထွန်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးမွေးကန်များ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ၆ လစာ ထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား (မူရင်း)** ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား (၀၉-၆၆၅၈၈၁၂၃၂)၊ ကရင် (၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၄၃၁၇၂၅၀၆)၊ တနင်္သာရီ (၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး (၀၉-၂၅၁၃၁၅၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၁၄၂၂)၊ မွန်(၀၉-၂၆၀၇၄၃၉၁၃)၊ ရခိုင်(၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## MCCT အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် MCCT အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အကျိုးခံစားခွင့်ရှိသူများအား ၆ လစာ ထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက် မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် **သို့မဟုတ်** ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၈၇၃၆၅၉၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။





# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက်မှစတင်၍ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အောက်တိုဘာ ၁၇ ရက်တွင် ကောင်းကင်ဘုံဗိမာန်ပန်းခြံနှင့် ဝမ်ဖူကျင်လမ်းလျှောက်ဈေးအား သွားရောက်လည်ပတ်ကြပြီး အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အဦများ၏ ညရှုခင်းအား ကြည့်ရှုလေ့လာကြသည်။ အောက်တိုဘာ ၁၈ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး(Great Wall)သို့ သွားရောက်လေ့လာကြပြီး Depart for City Center သို့သွားရောက်လည်ပတ်ခဲ့ကြသည်။ အောက်တိုဘာ ၁၉ ရက်တွင် လင်ကွမ်းဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓစွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး Summer Palace နွေရာသီနန်းတော်အား လေ့လာခဲ့ကြသည်။

### လေ့လာလည်ပတ်

အလားတူ အောက်တိုဘာ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် Guang-zhou Zoological Garden သို့ သွားရောက် လည်ပတ်ခဲ့ကြပြီး ညနေပိုင်းတွင် Goodchains ကုမ္ပဏီ၏ ကွမ်ကျိုးလေဆိပ်ရှိ လုပ်ငန်းများနှင့် Xiaobai Supply Chain လုပ်ငန်းအား လေ့လာခဲ့ကြသည်။ အောက်တိုဘာ ၂၁ ရက်တွင် Ji nan တက္ကသိုလ်အား လေ့လာခြင်း၊ Baima မြို့ လည်ပတ်ခြင်းနှင့်ဈေးဝယ်ခြင်း၊ Canton Tower အား လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့်ပတ်သက်၍ ယခုကဲ့သို့ကြားသိရပါသည် -



### ဒုတိယတပ်ကြပ် ပြည့်စုံဖြိုး

ကျွန်တော်ကတော့ ဒုတိယတပ်ကြပ် ပြည့်စုံဖြိုး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲကို အမှတ် (၂) မိတ္ထီလာပညာရေးကျောင်းမှာ တက်ရောက်ခဲ့ပြီး သုံးဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အတွက် တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်ကို ပါဝင်ခွင့်ရခဲ့ပါတယ်။

ဒီခရီးစဉ်မှာ ကျွန်တော်နဲ့အတူ စစ်သည်တစ်ဦး၊ ထူးချွန်ကျောင်းသား ကျောင်းသူများလည်း ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့တွေ တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ဂရိတ်ဝေါလ် (Great Wall) ပေါ်သို့ သွားရောက်လည်ပတ်ခဲ့ပါတယ်။ လင်ကွမ်းဘုရားကျောင်းကိုလည်း သွားရောက်ခဲ့ပြီးတော့ ဗုဒ္ဓမြတ်စွယ်တော်ကိုလည်း ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။ အနှစ်သက်ဆုံး ကျွန်တော်တို့ လည်ပတ်ခဲ့တဲ့နေရာမှာ အကြိုက်ဆုံးကတော့ Summer Palace (နွေရာသီနန်းတော်)၊ အဲဒီမှာတော့ ရာသီဥတုလည်း မျှမျှတတဖြစ်တယ်၊ အရမ်းကြီးအေးတာမျိုးမဖြစ်ဘူး။ ဒီခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိတဲ့ လူကြီးအားလုံးကို အထူး ကျေးဇူးတင်ရှိပါတယ်။

### ကျောင်းသူ

သမီးက ၂၀၂၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ၆ ဘာသာ ဂုဏ်ထူး၊ အမှတ်ပေါင်း (၅၄၂) မှတ် ရရှိခဲ့တဲ့အတွက် တရုတ်ပြည်သူ့



သမ္မတနိုင်ငံ လေ့လာရေးခရီးသွားရောက်လည်ပတ်ခွင့်ရခဲ့တာပဲဖြစ်ပါတယ်။ ဒီခရီးစဉ်တစ်လျှောက်လုံးမှာ သမီးတို့ သူငယ်ချင်းတွေ အများကြီးနဲ့လည်းပဲ တွေ့ခွင့်ရတယ်။ ပျော်ရွှင်စရာ အမှတ်တရတွေကိုလည်း ဖန်တီးခွင့်ရခဲ့တယ်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှုတွေကိုလည်းပဲ လေ့လာခွင့်ရခဲ့တဲ့အတွက် သမီးအနေနဲ့ အထူးပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။ Great Wall၊ The Temple of the Heaven၊ Canton Tower၊ ဗုဒ္ဓစွယ်တော်တို့ကိုလည်း သွားရောက် ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အဲဒါဆိုလို့ရှိရင် သမီးတို့အတွက် တကယ်ကို မမေ့နိုင်စရာ အမှတ်တရတွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီခရီးစဉ်ဖြစ်မြောက်အောင် ကူညီ စောင့်ရှောက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲနဲ့တကွ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တာဝန်ရှိသူအားလုံးကို သမီးက အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ **၁၀၀**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား / အမျိုးသမီးဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

လက်ဝှေ့အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ" အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား(၅၁၊ ၅၇၊ ၆၇၊ ၇၁၊ ၇၅)ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး(၅၂၊ ၅၄၊ ၅၇၊ ၆၀)ကီလိုတန်း ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်မြတ်လွင်(အပြာ)က မကွေးတိုင်းဒေသကြီးအသင်းမှ ထက်နိုင်အောင်(အနီ)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇဖဲတန်(အပြာ)က မွန်ပြည်နယ်အသင်းမှ ရဲဇော်(အနီ)ကိုလည်းကောင်း၊ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကို(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ အောင်မြင့်ထွန်း(အပြာ)ကိုလည်းကောင်း၊ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စည်သူထက်(အနီ)က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စချစ်လင်းဇော် (အပြာ)ကိုလည်းကောင်း၊ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စောဒဲနစ်ဇစ်တာဝါး(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲလွင်ထွန်း(အပြာ)ကိုလည်းကောင်း၊ ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဌေးဌေးဇော်(အနီ)က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်ဇစ်တိုရီ(အပြာ)ကိုလည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ညောင်ရှမ်းဟွဲ့(အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက်(အနီ)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ မာလာစိုး (အပြာ)က ကရင်ပြည်နယ်အသင်းမှ နန်းနွံ့နွံ့နှောင်း(အနီ)ကို လည်းကောင်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သော်တာဦး(အနီ)က ရှမ်းပြည်နယ်အသင်းမှ မူနှင်းအေး(အပြာ)ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းရယ်မြို့နယ်၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိုင်းရယ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး



ဌာန ဦးစီးမှူး၊ တန့်ယန်းခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိုင်းရယ်မြို့နယ် နောင်လုံကျေးရွာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

နောင်လုံကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်း ၂ မိုင် ၄ ဖာလုံ(၂ လက်မ ရေပိုက်)၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၅ ဒသမ ၅၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြောင်းမြမြို့၌ ဝက်သက်/ဂျိုက်သိုးရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံ

**မြောင်းမြ အောက်တိုဘာ ၂၂**

မြောင်းမြမြို့တွင် ဝက်သက်/ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းသိုက်က ဝက်သက်/ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါကာကွယ်ဆေးများကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်သည်။ ဇေယျာ(ပြန်/ဆက်)





တောင်သာမြို့ရှိ စက်သုံးဆီဆိုင်၌ မီးဘေးအန္တရာယ် လုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

ချစ်ဦးနွေ(မြင်းခြံ)



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်ခရိုင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ အောက်တိုဘာ ၂၁ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက်ရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ထားဝယ်မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များကို အယ်လ်နီညိုရာသီဥတုနှင့် ပူပြင်းခြောက်သွေ့သောကာလများတွင် မီးဘေးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို အောက်တိုဘာ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးကိုကိုအောင်နှင့် တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။

ငွေဇင်ယော်(ထားဝယ်)

## ရေဖြူမြို့၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ရေဖြူ အောက်တိုဘာ ၂၂**

ရေဖြူမြို့ အနောက်ဘက်ကမ်းစည်ပင်သာယာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အောက်တိုဘာ ၂၀ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဈေးအတွင်း Fire Point (ဆီဇန်းမီးလောင်မှု)ကို ဈေးသူ ဈေးသားများနှင့် မီးသတ်တပ်ဖွဲ့များက မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်ခြင်းနှင့် မီးသတ်ရေပိုက်ဖြင့် ငြိမ်းသတ်ခြင်း ဆောင်ရွက်ကြသည်။ ထို့နောက် ဈေးသူဈေးသားများအား မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရေကြည်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**ရေကြည် အောက်တိုဘာ ၂၂**

ရေကြည်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေအေးနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောပြီး မီးသတ်ယာဉ်များဖြင့် လက်တွေ့သရုပ်ပြကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ကံရိုး - ကောင်းမှုတော်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၉ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ ဇော်ကိုကို(တောင်ငူ)



ကော့သောင်းမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာများ ပူးပေါင်း၍ အောက်တိုဘာ ၂၀ ရက်က ကော့သောင်းမြို့အဝိုင်းပတ်၌ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပေါ်စေရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။

ဟန်နီ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်လမ်းရှိ သံဈေးတွင် မီးဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကျောက်တံတားခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခိုင်စိုးနှင့် တာဝန်ရှိသူများ အောက်တိုဘာ ၂၀ ရက်က စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မြင်းခြံခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်များ မီးဘေးအန္တရာယ်လုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၁၉ ရက်က ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



ကျွန်းစုမြို့နယ် မြို့မဈေးအတွင်း မီးလန့်မှု၊ မီးလောင်မှုများ ဖြစ်ပွားပါက အချိန်မီ တားဆီးငြိမ်းသတ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဇော်ထွန်းနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့က မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို အောက်တိုဘာ ၂၀ ရက်က အမှတ်(၁)ရပ်ကွက်ရှိ မြို့မဈေး၌ ဆောင်ရွက်စဉ်။

ထက်မြင့်(ကျွန်းစု)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မြစ်ကြီးနားမြို့နှင့် တွံတေးမြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်တွင် သံဃာတော် အပါး ၇၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြော အားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၃၄ ဦးတို့အား အဆိုပါကျေးရွာရှိပုဗ္ဗာရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သရက်မြို့၌ ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေးပေး

**သရက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးသော တောင်သူများအား ချေးငွေထုတ်ချေးပေးခြင်း အခမ်းအနားကို ယမန်နေ့က စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက ဒေသအတွင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးဧရိယာများ တိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ချည်မျှင်ရှည်ဝါစိုက်ပျိုးသော တောင်သူများအား အရင်းအနှီး ကုန်ကျစရိတ်အဖြစ် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း အဖွဲ့အစည်းက ချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်လုလင်**
**(သရက်)**

## ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**ကျောက်ဆည်**
**အောက်တိုဘာ ၂၂**

ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်သူက သင်တန်းမှ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး အောင်မြင်သော လုပ်ငန်းရှင်များအဖြစ် ရွှေ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက် သွားကြရန် ပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်း ထုတ်ကုန်များ ပေးအပ်သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်း၌ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**





## တမူးမြို့၌ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**တမူး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် တာဝန်ရှိသူများက စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့၏အဓိကရေဖြန့်ဝေပေးနေသည့် ဂါလန် ၂ သိန်းဆံ့ အုတ်ရေကန်မှ မြို့ပေါ်ရပ်ကွက်များရှိ အိမ်သွယ်ရေတိုင် ၅၈၉ တိုင်နှင့် ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းသို့ ခြောက်လက်မ၊ လေး လက်မ၊ သုံးလက်မပိုက်များဖြင့် မြေဆွဲအားစနစ်ကို အသုံးပြုကာ နေ့စဉ်နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရေဖြန့်ဝေပေးနေမှုကို ယမန်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရတနာ(တမူး)**

### စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) ရှိ အလယ်မန်သဲများရောင်းချနိုင်ရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) ရှိ **အလယ်မန်သဲ (၇၁၄၅.၃၄၃) တန် ရောင်းချနိုင်ရေး** အတွက် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၁၉-၁၀-၂၀၂၄) ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာများကို (၃-၁၁-၂၀၂၄) ရက် (၁၆:၀၀) နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | **တင်ဒါပုံစံရောင်းချမည့် လိပ်စာ** | ။ ။ | နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှု လုပ်ငန်း၊ ရုံးအမှတ် (၄၁)၊ နေပြည်တော် |
| ၄။ | **ဆက်သွယ်ရန်ဖုန်း** | ။ ။ | ၀၆၇၃-၄၀၈၆၇၇ (ရုံးချိန်အတွင်း) |

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### အလုပ်သမားဝန်ကြီးဌာန
### (အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် ရွေ့လျားဆေးကုသယာဉ် (၂) စီးအား ငှားရမ်းပြီး လိုအပ်ချက်ရှိသော နေရာဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၂-၁၀-၂၀၂၄ ရက်မှ ၅-၁၁-၂၀၂၄ ရက်ထိ |
| (ခ) | **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက်၊ အချိန်** | - | ၁၉-၁၁-၂၀၂၄ ရက် (၁၆:၃၀) နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်- ၃/၇၇ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ website https://www.mol.gov.mm နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website https://www.ssb.gov.mm တို့ တွင် လေ့လာနိုင်ပြီး ဖုန်း ၀၆၇-၃၄၁၇၉၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၉

| | | |
|---|---|---|
| ဒေါ်ညွန့်ညွန့်လွင် (တရားလို) | နှင့် | ဒုဗိုလ်မှူးကြီး ခင်မောင်ထွေး (တရားပြိုင်) |

အေးသာယာမြို့၊ ရပ်ကွက် (၁၀)နေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေး သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်ညွန့်ညွန့်လွင်က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" နှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( စည်းစိမ်မှူး )
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(ရပ်-၃)၊ အကွက်အမည်-ရှမ်းစုရပ်၊ ဦးပိုင်အမှတ်(၇/၂)၊ မြေကွက်အမှတ်(-)၊ ဧရိယာ(၀.၂၆၈)ဧကအနက်မှ ဧရိယာ(၀.၁၇၀)ဧကရှိ အရှေ့လားသော်-ဦးပိုင်အမှတ်(၇/၃)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၇/၁)၊ တောင်လားသော်-ဦးပိုင်အမှတ်(၇/၂)ကျန်မြေ၊ မြောက်လားသော်-ဘောနတ်ကြီး-ဘုရားကြီးကားလမ်းမြေကို ဦးကျော်ဇင်အောင်မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၁၉-၁၁-၂၀၂၄)ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(ရပ်-၃)၊ အကွက်အမည်-ရှမ်းစုရပ်၊ ဦးပိုင်အမှတ်(၂၃)၊ မြေကွက်အမှတ်(-)၊ ဧရိယာ(၀.၂၅၀)ဧကအနက်မှ ဧရိယာ(၀.၂၅၀)ဧကရှိ အရှေ့လားသော်-မြေကွက်အမှတ်(၂၆)၊ အနောက်လားသော်-မြေကွက်အမှတ်(၂၂)၊ တောင်လားသော်-မြေကွက်အမှတ်(၂၄)၊ မြောက်လားသော်-ဘောနတ်ကြီး-ဘုရားကြီးကားလမ်းမြေကို ဦးချစ်စိန်မှ ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၁၉-၁၁-၂၀၂၄)ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7U/15176, HIGO HY 150ZHA, 3W ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် (၁၀/သထန(နိုင်)၀၈၇၈၆၅) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/10863, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၁/မကတ(နိုင်) ၀၈၈၂၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၅ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| ( ခ ) | စာရင်းကိုင်(၄) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၃ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| ( ဂ ) | ကျွမ်းကျင်(၄)(ကျောက်ရွေး) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၄ )နေရာ | သိပ္ပံဘွဲ့ (ဘူမိဗေဒ) |
| (ဃ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၃ )နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| ( င ) | ကျွမ်းကျင်(၅)(ကျောက်စိမ်း) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ( ၅ )နေရာ | အခြေခံပညာအထက်တန်းအောင် |
| ( စ ) | ယာဉ်မောင်းစက်ပြင်(၅) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ( ၃ )နေရာ | အခြေခံပညာအလယ်တန်းအဆင့် |
| (ဆ) | လုပ်သား(စိုက်ပျိုးရေး) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ( ၃ )နေရာ | မြန်မာစာ(ရေးတတ်/ဖတ်တတ်) |
| ( ဇ ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ( ၄ )နေရာ | မြန်မာစာ(ရေးတတ်/ဖတ်တတ်) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
( ခ ) ၂၀၂၆ခုနှစ်၊စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ လက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးသွားမည်ဖြစ်ပါသည်။
( ဂ ) စာပိုဒ်(၁)(ခ)နှင့်(ဃ)ပါ ရာထူးနေရာများအတွက် ဘာသာရပ်ဆိုင်ရာ ဘွဲ့ရရှိသူများနှင့် ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူများကို ဦးစားပေးမည်၊
(ဃ) စာပိုဒ်(၁)(စ)ပါ ရာထူးနေရာများအတွက် ယာဉ်မောင်းလိုင်စင်(ခ)အဆင့် အတွေ့အကြုံရှိသူဖြစ်ပြီး ယာဉ်ကြီးယာဉ်ငယ်များကို ကျွမ်းကျင်စွာမောင်းနိုင်သူဖြစ်ရမည်၊
( င ) စာပိုဒ်(၁)(ဆ)ပါ ရာထူးနေရာအတွက် စိုက်ပျိုးရေးလုပ်ကိုင်နိုင်သူများ၊(ဇ)ပါ ရာထူးနေရာအတွက် သန့်ရှင်းရေးလုပ်နိုင်သူများကို ဦးစားပေးမည်၊ အမျိုးသားများကို အသက်ကန့်သတ်ချက်အား ဖြေလျှော့ပေးမည်၊
( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဆ) ဌာနတွင် အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်၊ ရွေးချယ်ခန့်အပ်ခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်၊
( ဇ ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊
(ဈ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူများသည် မိမိလျှောက်ထားလိုသည့်ရာထူးနှင့် သက်ဆိုင်သည့် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က ) အမည်၊
( ခ ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊
( ဂ ) မွေးသက္ကရာဇ်၊ အသက်၊
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
( င ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း၊ တက္ကသိုလ်၊
( စ ) လျှောက်ထားလိုသည့်ရာထူး၊
(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
( ဇ ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊
( ဈ ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့်E-mail ။

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြေခံပညာမူ/လယ်/ထက် ပြီးစီးကြောင်း ထောက်ခံချက်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
( ဂ ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊
( င ) သက်ဆိုင်ရာရဲစခန်းမှ (၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
( စ ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဆ) (၁)လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊
( ဇ ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသောအထောက်အထားမိတ္တူများ၊
(ဈ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁)လအတွင်းရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(ည) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website ဖြစ်သည့် www.mge.gov.mm တွင် ရယူနိုင်ပြီး လျှောက်လွှာများကို **"ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်"**ဟု လိပ်မူ၍ လူကိုယ်တိုင်(သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgehrnpt@gmail.com သို့ ၁-၁၂-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့ အစည်း၏ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Websiteဖြစ်သည့် www.mge.gov.mm နှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၈။ စာပိုဒ်(၁)(က)မှ (ဃ)အထိ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ် မေးခွန်းများကို ၂၀-၁၂-၂၀၂၆ ရက်နေ့၊ နံနက်(၀၉:၀၀)နာရီမှ မွန်းလွဲ(၁၄:၃၀)နာရီထိ ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး၊ ရေးဖြေစာမေးပွဲအောင်မြင်သူကိုသာ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၉။ စာပိုဒ်(င)မှ(ဇ)အထိ လျှောက်ထားသူများသည် ၂၃-၁၂-၂၀၂၆ ရက်နေ့၊ နံနက်(၀၉:၀၀)နာရီမှ မွန်းလွဲ(၁၄:၃၀)နာရီထိ လူတွေ့စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ကတ်ပြားများကို ၃-၁၂-၂၀၂၆ ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ စီမံဌာနတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၁၁။ သတ်မှတ်ရက်ထက်နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ၊ အထောက်အထားမပြည့်စုံသော လျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၂။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များ ပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲ ဖြေဆိုခွင့်ရမည်မဟုတ်ပါ။

၁၃။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၉-၅၀၄၆၇၈၅၊ ၀၉-၄၃၀၁၅၈၈၀၊ ၀၉-၂၅၄၂၃၀၃၀၁၊ ၀၉-၄၀၁၅၅၀၄၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4046 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/94922, Toyo Max 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရတီဦး (၉/သပက(နိုင်)၀၉၃၃၇၄) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/12657, Yamaha TT 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး (၇/ကတခ(နိုင်)၀၀၄၉၁၇) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/58014, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းကို ၉/စကတ(နိုင်)၀၉၆၃၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/79724, Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ခိုင် ၉/မရတ(နိုင်)၀၅၈၈၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့၊ SSEAC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်ထွန်းမင်းခန့်၏ဖခင် ဦးစောဖြူ(ခ) ဦးလှသိန်း ၁၀/သထန(နိုင်)၁၂၉၆၇၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောဖြူ(ခ)ဦးလှသိန်း**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/53744, DAYANG 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲ့ရည်ဝင်း ၈/ပခက(နိုင်)၁၆၅၉၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/3386 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် (၁၄/မမက(နိုင်)၂၁၈၈၁၉) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉၀

ဒေါ်သန်းသန်းမြင့် (တရားလို) နှင့် ဗိုလ်ကြီး မြင့်ဝင်း (တရားပြိုင်)

အေးသာယာမြို့၊ ရပ်ကွက် (၄)နေ ဗိုလ်ကြီး မြင့်ဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်သန်းသန်းမြင့်က " ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စည်းစိမ်မှူး )**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/24878 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

---

### ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၄-ခ/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၁၅-က)၊ မြေဧရိယာ(၀ဒသမ၁၃၉)ကေရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်ဖြိုးပြည့်စုံ (၉/စကတ(နိုင်)၀၈၀၈၈၀)က ဦးပိုင်ခွဲ/မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/80765, Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဦး ၁၀/ခစန(နိုင်)၀၀၁၈၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

(ဇ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ၊

(ဈ) သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ (၁) လအတွင်း ရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊

(ည) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

၆။ ဖြေဆိုခွင့်ရရှိသူ၏ အမည်စာရင်းနှင့်ခုံအမှတ်တို့ကို သတ္တုတွင်းဦးစီးဌာန၏ ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၇။ လျှောက်ထားသူများသည် ၃-၁၂-၂၀၂၆ ရက်နေ့တွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်မေးခွန်းတို့အား ရေးဖြေစစ်ဆေးခံရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ ၁၁-၁၂-၂၀၂၆ ရက်တွင် လူတွေ့၊ နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၁၁-၂၀၂၆ ရက်တွင် သတ္တုတွင်းဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲတွင် လူကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၉။ သတ်မှတ်ရက်ထက်နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားမပြည့်စုံသော လျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်မည်ဖြစ်ပါသည်။

၁၀။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း) ပါရှိရမည်ဖြစ်ပါသည်၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည် မဟုတ်ပါ။

၁၁။ အသေးစိတ်သိလိုပါက သတ္တုတွင်းဦးစီးဌာန၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၃၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Max Agro Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Max Agro Service Co.,Ltd မှ Our Farm Co.,Ltd သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက၊ ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်–

Myanmar Max Agro Service Co.,Ltd.Ph:09401573814

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Max Dipo | Difenoconazole 15% + Propiconazole 15% EC | P2026–7150 |

## Marga Landmark Development Co., Ltd. နှင့် အများသိရှိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ Mr. Alexis Morgan André ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် –

ကျွန်ုပ်တို့၏အမှုသည်. Mr. Alexis Morgan André သည် Marga Landmark Development Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်ဘဲ့လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅- ကန်ဘဲ့)၊ မြေကွက်အမှတ် (၇၊ ၈) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်မည့် The Central Tower 8 ၏ Level 22, Unit- M ကွန်ဒိုအခန်းအား ဝယ်ယူရန်အတွက် အခန်း၏သတ်မှတ်ရောင်းဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ပိုင်းကို (၂၈-၁၂-၂၀၁၈) ရက်တွင် စတင်ပေးချေခဲ့ပြီး၊ နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုကာ စာချုပ်ပါအရ ရောင်းချသူကုမ္ပဏီမှ သတ်မှတ်ထားသည့် အရစ်ကျပေးချေမှုအစီအစဉ်အတိုင်း ဆက်လက်ပေးချေခဲ့ရာ (၁၁-၃-၂၀၂၁) ရက်တွင် အဆိုပါအခန်း၏ စုစုပေါင်းရောင်းဖိုးငွေ၏ (၉၀%) အား စာချုပ်ပါစည်းကမ်းချက်အတိုင်း မပျက်မကွက် အပြေပေးချေပြီးဖြစ်ပါသည်။ စာချုပ်အရ စုစုပေါင်းရောင်းဖိုးငွေ၏ (၉၀%) အား အပြေအကျေပေးချေပြီးလျှင် ကွန်ဒိုအခန်းအား လက်ရောက်ပေးအပ်ရမည် ဖြစ်ပါသည်။

သို့ရာတွင် အဆိုပါကွန်ဒိုအခန်းအား ဝယ်ယူခဲ့သည့်အချိန်မှစ၍ (၈) နှစ်ခန့် ကြာမြင့်လာသည့်တိုင် The Central Tower 8 စီမံကိန်းအား ယနေ့အချိန်အထိ စတင်ဆောက်လုပ်ခြင်းပင် မရှိသေးကြောင်း ကျွန်ုပ်တို့၏အမှုသည်မှ စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏အမှုသည်က ၎င်း၏ရှေ့နေမှတစ်ဆင့် Marga Landmark Development Co., Ltd. ၏ တာဝန်ရှိသူများထံသို့ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် အခန်းလွှဲပြောင်းအပ်နှံမည့် အချိန်ကာလတို့ကို သိရှိနိုင်ရန် နှစ်ကြိမ်တိုင်တိုင် တရားဝင်စာများဖြင့် ဆက်သွယ်မေးမြန်းခဲ့သော်လည်း အခန်းအား လက်ရောက်အပ်နှံမည့်ရက်နှင့်ပတ်သက်၍ တိကျသေချာသော အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာ ရရှိခဲ့ခြင်း မရှိပါ။

ကျွန်ုပ်တို့၏အမှုသည်သည် အဆိုပါကွန်ဒိုအခန်း၏ ရောင်းဖိုးငွေ စုစုပေါင်း၏ (၉၀%) ခန့်ကို ပေးချေပြီးဖြစ်သူဖြစ်သည့်အတွက် အဆိုပါကွန်ဒိုအခန်းအပေါ်၌ ဥပဒေအရ အကျိုးစီးပွားနှင့် ပိုင်ဆိုင်ခွင့်ဆိုင်ရာအခွင့်အရေးများ ဆက်လက်တည်ရှိလျက်ရှိပါသည်။ ကွန်ဒိုအခန်းအား စာချုပ်အရသတ်မှတ်ထားသော အချိန်ကာလအတွင်း လက်ရောက်အပ်နှံပေးရန် ပျက်ကွက်ခဲ့ခြင်း၊ ယနေ့တိုင် ဆောက်လုပ်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်ခြင်းမရှိသည့်အပြင် စာချုပ်ပါ ကတိကဝတ်များကို ဆက်လက်ဖောက်ဖျက်ပျက်ကွက်လျက်ရှိခြင်းတို့ကြောင့် ကျွန်ုပ်တို့၏အမှုသည်မှာ များစွာသော ငွေကြေးနှင့် အခြားနစ်နာဆုံးရှုံးမှုများကို ကြုံတွေ့ခံစားလျက်ရှိပါသည်။

ထိုသို့ ကျွန်ုပ်တို့၏အမှုသည်ထံ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် Marga Landmark Development Co., Ltd. အနေဖြင့် ကျွန်ုပ်တို့၏အမှုသည်က အခန်းဝယ်ယူရေးအတွက် ပေးချေခဲ့ပြီးဖြစ်သော ငွေကြေးများအားလုံးကို အမြန်ဆုံး ပြန်လည်ပေးအပ်ရန်နှင့် ယင်းကြောင့် ဖြစ်ပေါ်ခဲ့သော နစ်နာဆုံးရှုံးမှုများအတွက် သင့်လျော်စွာဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ထို့အပြင် ကျွန်ုပ်တို့၏အမှုသည်၏ ကြိုတင်စာဖြင့် အတိအလင်းသဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချသူ Marga Landmark Development Co., Ltd. အပါအဝင် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကမျှ အဆိုပါကွန်ဒိုအခန်းနှင့်ပတ်သက်၍ တစ်ဖက်သတ်စာချုပ်ဖျက်သိမ်းခြင်း၊ အခန်းအား ပြန်လည်သိမ်းယူခြင်း၊ ပြန်လည်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် အခြားမည်သည့်နည်းလမ်းဖြင့်မဆို စီမံခန့်ခွဲခြင်း သို့မဟုတ် လွှဲပြောင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။

အထက်ဖော်ပြပါ အသိပေးချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျွန်ုပ်တို့၏အမှုသည်သည် Marga Landmark Development Co., Ltd. အပေါ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းအပါအဝင် ဥပဒေအရ ရရှိနိုင်သည့် အခွင့်အရေးများနှင့် ကုစားမှုများအားလုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Marga Landmark Development Co., Ltd. နှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဦးကြည်ချမ်းငြိမ်း (LLB., LL.M.) | ဦးစောဉာဏ်ထွန်း (LL.B., LL.M.) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၀၅) | တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၇၅၃) |

အခန်းအမှတ် (၄၀၃)၊ ၄ လွှာ၊ Condo F၊ ကမ္ဘာအေးအိမ်ရာ၊ ကမ္ဘာအေးဘုရားလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉-၄၂၀၁၈၂၀၇၆, ၀၉-၂၅၀၂၇၉၂၁၆

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9940 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ရွာသာကြီး

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4W/51200 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်13W/1241 Honda C90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဆွေ ၉/မရမ(နိုင်)၀၂၇၃၈၅ က မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/87118 Kamax-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းအောင် ၉/အမဇ(နိုင်) ၀၂၃၃၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## CNG စာအုပ် ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မီမီလွင် (၁၂/သကတ (နိုင်)၁၁၀၇၁၄) ပိုင်ဆိုင်သော CNG စာအုပ် (EE/2497) TOYOTA COROLLA Station Wagon(4x2)(R) အမျိုးအစားဖြစ်သော စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၄၂၀၇၈၀၁၆၉

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက (၁၁)၊ နဝမတန်း(က) မှ မဆုမြတ်ရွှေစင်ဖြိုး ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁၀-၂၀၁၁ ဖြစ်ပါကြောင်း။

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Qingdao Rainbow Chemical Co., Ltd မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Rainbow Agrosciences Co., Ltd မှ OAKTHAR PHONE HLYAN COMPANY LIMITED သို့ဖြန့်ဖြူးသူ ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်-

| ကုန်သွယ်မှုမြန်မာအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား/အမှတ် |
|---|---|---|
| ပရိုဖန်ကို ၅၀၀ အီးစီ | Profenofos 50% EC | P2025–6621 |
| အမ်ဖိုင်း ၂၀ အက်စ်ပီ | Acetamiprid 20% SP | P2025–6619 |
| အဘာမ်ကို ၁၈ အီးစီ | Abamectin 1.8 % EC | P2025–6734 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**RAINBOW AGROSCIENCES CO., LTD**

**Phone : 09–456060160, 09–441170170**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၈၁၈)၊ မြေကွက်တည်နေရာ အမှတ်(၈၁၈)၊ ယင်းမာလမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးဘိုအောင် (KGN.၀၆၃၅၆၁) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဘိုအောင် (KGN.၀၆၃၅၆၁) (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းအောင် ၁၂/ မဂဒ(နိုင်) ၀၃၇၇၉၆ က ၎င်းသည်သာ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံ ခွင့်ရှိသူဇနီး၊ မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသား၊သမီး မွေးစားထားခြင်းလည်း မရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင် ဆိုင်ပါကြောင်း ကျမ်းကျိန်းလွှာ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်၊ နိုင် ၊ကတ်အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ် ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်နေ (ဘ)ဦးအောင်ခင်၏သမီး ကျွန်မ ဒေါ်မြင့်မြေး ၁၄/ပသန(နိုင်) ၀၂၈၆၅၇ ၏ Passport (နိုင်ငံကူး လက်မှတ် အမှတ်မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၂၅၉၂၆၃၄၆၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/3486 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၇၇ယ/၇၅၉၉၂၊ LUOJIA–110၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာမြင့် ၉/လဝန(နိုင်)၂၁၄၇၈၉ က မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကိုယ်စားလှယ်လွှဲအပ်လွှာရုပ်သိမ်းကြောင်း ကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၃၀)ရက်တွင် ဒေါ်ဝင်းဝင်းမာ(ဘ)ဦးဖေစိန် ၉/မခန(နိုင်)၁၅၉၂၂၂ အမှတ်(၆)ရပ်ကွက် နေသူအားဒေါ်တင်တင်ဝေ(ဘ) ဦးခင်မောင်ကျော် ၇/ရတရ(နိုင်)၀၀၅၉၆၆ တိုက် (B.14)၊အခန်း(၂၃)၊ နေပြည်တော် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်က အဆောက်အအုံ အိမ်ခြံမြေဂရန်အမည်ပြောင်းရန်ကိစ္စရပ်အား ကိုယ်တိုင်သွားရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ကိုယ်စားကူညီဆောင်ရွက်ပေးရန် လွှဲအပ်ခဲ့ပြီး ယင်းအိမ်ခြံမြေ ကိစ္စရပ်များ ဆောင်ရွက်ပြီးစီးခဲ့သည်မှာ (၄)နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုအခါတွင် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူအားအသိပေး၍ ၎င်းကိုယ်စားလှယ်လွှဲစာအား ဒေါ်တင်တင်ဝေမှ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဝင်းဝင်းမာအနေနှင့် နောင်တွင် မည်သည့်ကိစ္စရပ်မျှ ဒေါ်တင်တင်ဝေ ကိုယ်စား စီမံဆောင်ရွက် ပိုင်ခွင့်မရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူကိုယ်စား-**
**ဦးကျော်သူရထွန်း**
**အထက်တန်းရှေ့နေ (LL.B) စဉ်–၃၄၉၀၆**
**မြစ်ငယ်(၁)လမ်း၊ ရွှေကြာပင်ရပ်ကွက်၊ နေပြည်တော်**
**ဖုန်း–၀၉–၄၄၈၅၃၅၈၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(B3)၊ (၆) လွှာ၊ အခန်းအမှတ်(607)၊Type(A)၊ ဧရိယာ(၁၂၆၀) စတုရန်းပေရှိ 3Bedroom အမျိုးအစား ကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးညီညီဇော်စိုး ၁၂/ကမရ(နိုင်)၀၅၀၁၉၇ ထံမှ ကျွန်မဒေါ်ဥမ္မာတင့် ၁၂/ဗဟန(နိုင်) ၀၀၄၈၁၄ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ကျွန်မ ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာတင့်**
**၁၂/ဗဟန(နိုင်) ၀၀၄၈၁၄**
**ဖုန်း–၀၉–၈၉၈၁၅၆၇၈၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/9733 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/81258 Zhineng–110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးလှိုင် ၅/စကန(နိုင်) ၀၂၃၁၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/41962 Honda Click–125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုနန္ဒာအောင် ၁၄/အဂပ (နိုင်)၁၇၄၁၄၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ .ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် 5W/87077 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၁၀/ပမန(နိုင်)၁၁၁၉၆၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## တင်ဒါခေါ်ယူခြင်း

၁။ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၇၅)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံများအား ငှားရမ်းမည်ဖြစ်ပါ၍ ငှားရမ်းဆောင်ရွက်လိုသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံ ရောင်းချမည့်ရက်** | - | ၂၈-၁၀-၂၀၂၆ ရက်မှ ၁၀-၁၁-၂၀၂၆ ရက်ထိ |
| ၃။ | **တင်ဒါပုံစံ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့် နေရာ** | - | ဗိုလ်တထောင်မြို့နယ်၊ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ |
| ၄။ | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** | - | ၁၃-၁၁-၂၀၂၆ ရက် ( သောကြာနေ့ ) |

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ဖုန်း–၀၉ – ၈၈၀၀၁၅၈၁၁ သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရုံးချိန် အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ဖြစ်စေ၊ ဖုန်း–၀၉ – ၈၈၀၀၁၅၈၁၁ သို့ဖြစ်စေ ရုံးချိန် အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရေကြောင်းလိုင်စင်ပျောက်ဆုံးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် ၊ အမှတ်(၃)ရပ်ကွက်၊ ပြည်တော်သစ်လမ်း၊ တိုက်(၆) ၊ အခန်းအမှတ်(၂၀)နေ ဦးဇာနီမောင် ၁၀/မလမ (နိုင်)၁၆၁၉၂၅ ပိုင်ဆိုင်သည့် ဗေဒါရီ ရေယာဉ်၊ ရေယာဉ်မှတ်ပုံတင်အမှတ် ၄၀၁၆၉၆ ၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မှတ်ပုံတင်အမှတ် ၄၀၁၆၉၆ နှင့် စက်တပ်ရေယာဉ်ငယ်များ ခုတ်မောင်းသွားလာခွင့်မှတ်ပုံတင် ရညန/ရက–၁၃၁၈တို့၏ မူရင်းစာရွက် စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် တွေ့ရှိသူအား ထိုက်တန်စွာ ကျေးဇူးဆပ်မည် ဖြစ်ပါသည်။

**ဆက်သွယ်ရန် – ဦးဇာနီမောင် ၊ ရေယာဉ်ပိုင်ရှင်**
**ဖုန်း–၀၉–၅၁၁၈၄၃၇ ၊ ၀၉–၇၈၅၁၁၈၄၃၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျီစုရပ်ကွက်၊ အလင်းရောင်(၄) လမ်း၊ တိုက်အမှတ်(၄၉၆ )၊ဟုခေါ်တွင်သော (၂)ခန်းတွဲ၊(၆)ထပ်တိုက်အဆောက်အအုံ၏ တတိယထပ်(ခေါင်းရင်း) ၊ (၁၂ ၁/၂ ပေx ၅၀ ပေ) ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် အိမ် အပါအဝင် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အပိုင်ရောင်းချခွင့်ရှိသူ(မြေရှင်) ဒေါ်သောင်းရီ ၁၂/ဒပန(နိုင်) ၀၀၅၂၄၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရဲဇာနည်လင်း ၁၄/ဟသတ (နိုင်) ၂၂၅၅၈၇)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအား( ၁–၂–၂၀၂၅) ရက်တွင် အပြီးအပိုင်ပေးချေခဲ့ပြီး မိမိတစ်ဦးတည်းကသာလျှင် တရားဝင် ဝယ်ယူပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းသည် ဦးရဲဇာနည်လင်း ၁၄/ဟသတ(နိုင်)၂၂၅၅၈၇ တစ်ဦးတည်း ဥပဒေနှင့်အညီ ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးရဲဇာနည်လင်း** | **ဒေါ်လွင်အိန္ဒြာဖြိုး (LL.B)** |
| | **အထက်တန်းရှေ့နေ(စဉ်–၅၅၆၀၂) (၁၇.၇.၂၀၂၃)** |
| | **အမှတ်(၃၄)၊၈–လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊** |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်** |
| | **Ph:09–960846836** |

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ ရွှေဂုံတိုင်လမ်းနေ ဦးသိန်းသန်းတိုး(ဘ) ဦးသန်းအောင် ၁၂/ဒဂတ(နိုင်)၀၀၄၀၅၄ (လျှံဖြိုးမောက်ကုမ္ပဏီ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းသန်းတိုးသည် လျှံဖြိုးမောက်ကုမ္ပဏီ (အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း) ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေသည် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို မန္တလေးမြို့၊ ပြင်ဦးလွင်မြို့များတွင် ကောင်းသောဂုဏ်သတင်းဖြင့် ယနေ့အချိန်ထိလုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ အဆိုပါ လျှံဖြိုးမောက်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ကိုင်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လုပ်ငန်းတာဝန်ခံများ သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်နှောင့်ယှက်ခြင်း၊ လုပ်ငန်းခွင်အတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း ၊ လုပ်ငန်းခွင်ထိခိုက်ရန် အကြံ အစည်၊ အတားအဆီးများ မပြုလုပ်ကြရန် နှင့် ပြုလုပ်ခဲ့ပါက စုံစမ်းစစ်ဆေးဖော် ထုတ်သွားမည်ဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြား ချက်အရ–**
**ဦးရဲဇော်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၆၅)**
**၃၅လမ်း ၈၄x၈၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း၊ ၀၉–၄၃၁၅၃၀၇၀**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ရွှေရောင်အနာဂတ်မြို့တော် ကုမ္ပဏီလီမိတက်၏ ရှယ်ယာရှင်/ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ မူလ မတည်ငွေရင်း ကျပ်သိန်း ၅၃၃,၃၃၀,၀၀၀ မှ ကျပ်သိန်း ၃,၅၀၀,၀၀၀ အထိ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရှယ်ယာရှင်/ဒါရိုက်တာအဖွဲ့ဝင်များ**
**ရွှေရောင်အနာဂတ်မြို့တော် ကုမ္ပဏီလီမိတက်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၂၂ )
## မဟာအောင်မြေခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၄ နှင့် ဆက်နွှယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၈၃

| | | |
|---|---|---|
| ၁။ ဦးဝင်းပိုင် | နှင့် | တပ်ကြပ်ညဏ်မြင့်(ခ) |
| ၂။ ဦးအောင်နိုင်ထွန်း | | ဦးညဏ်မြင့် |
| (တရားနိုင်များ) | | (တရားရှုံး) |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (၉ဧ–၁၀)၊ ၅၁x၅၂ လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားနေ တပ်ကြပ်ညဏ်မြင့်(ခ)ဦးညဏ်မြင့်(ဘ) ဦးတင် AE–၂၃၂၃၉၁၊ ၉/မနမ(နိုင်)၀၈၄၂၀၀ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၄ တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် (တရားနိုင် ဦးဝင်းပိုင်ပါ–၂) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရတနာဖြိုးဝေ)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မဟာအောင်မြေခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၆ နှင့် ဆက်နွှယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၉၈

| | | |
|---|---|---|
| ဦးဗိုလ်လေး | နှင့် | ဦးတင်မောင်ဝင်း |
| (တရားနိုင်) | | (တရားရှုံး) |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၇၄(ဒီ)လမ်း၊ ၁၁၄–၁၁၅လမ်းကြား၊ နေ ဦးတင်မောင်ဝင်း(ဘ)ဦးသန်းဆင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် (တရားနိုင် ဦးဗိုလ်လေး) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် ) ရက်မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရတနာဖြိုးဝေ)
ဒုတိယခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## အောင်မြေသာစံခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၅

| | | |
|---|---|---|
| ဒေါ်နုနုကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါ်ချိုစန္ဒာ) | နှင့် | မောင်လုန်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် (၂၂) ၊ ၈ လမ်း၊ ၇၃x၇၄ လမ်းကြားနေ မောင်လုန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (၁၃၈၈ ခု၊ သီတင်းကျွတ်လဆုတ်၊ ၈ ရက်)မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုနန္ဒာလှိုင်)
ဒုတိယခရိုင်တရားသူကြီး( ၅ )
အောင်မြေသာစံခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်- ၂၂၊ နည်းဥပဒေ- ၂၂)**

**မင်္ဂလာဒုံခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၂ နှင့်ဆက်နွယ်သည်**

**၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၃**

| | | |
|---|---|---|
| ရောဝတီအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (၎င်းကိုယ်စား မင်္ဂလာဒုံဘဏ်ခွဲ တာဝန်ခံ ဒေါ်နှင်းဝေလွင်) | နှင့် | ၁။ Myanmar Thu Khu Ma Co.ltd<br>၂။ ဒေါ်တိုးတိုးလွင်<br>၃။ ဒေါ်ငွေငွေလွင် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

အမှတ်- ၂၁၊ ဇေယျာသီရိလမ်း ၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ၁။ Myanmar Thu Khu Ma Co:Ltd, ၂။ ဒေါ်တိုးတိုးလွင် ၃။ ဒေါ်ငွေငွေလွင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ရောဝတီအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (၎င်းကိုယ်စား မင်္ဂလာဒုံဘဏ်ခွဲတာဝန်ခံ ဒေါ်နှင်းဝေလွင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မသိန်းလှိုင်)
တွဲဖက်ခရိုင်တရားသူကြီး (၂)
မင်္ဂလာဒုံခရိုင်တရားရုံး

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ် (၇၂) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၄-လွှာ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ကမ်းလှမ်းလာသူ ဒေါ်ယမင်းမောင်မောင် (၁၂/တမန(နိုင်)၀၀၁၄၀၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးနု (၁၁/စတန(နိုင်)၀၂၇၆၂၅)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက် အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် – ၁၂၄၆၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉၅၁၈၃၅၆၉၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၄၂၀၀၈၆၆၆၈၊ ၀၉–၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ အောင်ချမ်းသာလမ်းရှိ အမှတ် (၂၀) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀.၅ x ၄၆) ပေ x အနံ (၆၀ x ၆၅.၉) ပေ၊ ဦးခင်မောင်ထွန်း အမည်ပေါက်မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်၊ ရေ/မီး အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူ ဦးခင်မောင်ထွန်း (၁၂/ခရန(နိုင်)၀၁၂၇၀၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုနိုကို (၁၂/မဘန(နိုင်)၁၄၈၃၇၁) က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်နိုနိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ချောစုဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၅၄၄၇၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း– ၀၉–၂၅၁၉၃၂၅၄၄**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅) ရပ်ကွက်၊ သရေခတ္တရာ (၂၁)လမ်း၊ မြေကွက်အမှတ် (၈၇၉/ခ) ဟုခေါ်တွင်သော မြေအလျား x အနံ(၂၀'x၆၀')ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းရှင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အာရ်ဘီဘီ (ခေါ်) ကူလ်စွန် (၉/မရမ(နိုင်)၀၇၇၁၅၆) ထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်မိုး(ခေါ်)ကွန်ဟင်း(၁၂/ဗဟန(နိုင်)၀၅၇၀၆၁) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းငွေ (၁၂/ဗဟန(နိုင်)၀၅၇၀၆၂)နှင့် သားများဖြစ်သူ ၁။ ဦးဆန်းနိုင်အောင် (၁၂/ဗဟန(နိုင်)၀၈၅၅၂၉) ၂။ ဦးကျော်သူအောင်(၁၂/ဗဟန(နိုင်)၀၈၅၅၃၁)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိကြည်ကြည်စိန်း (၁၀/မလမ(နိုင်)၁၆၁၃၅၁) မှ ဥပဒေနှင့်အညီ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများ၊ မြေကွက်နှင့် နေအိမ်လက်ရောက် လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှသာ တရားဝင်လက်ရောက် ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈/၂၀၁၈)**
**အမှတ် (၈၀၇)၊ ပတ္တမြား (၁) လမ်း၊ (၅) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း–၀၉–၄၅၀၀၃၅၀၇၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**ငွေတိုက်ဦးစီးဌာန**

**စိစစ်ရေးမှူး-၂ ရာထူး ရေးဖြေစာမေးပွဲ ဖြေဆိုရန် အကြောင်းကြားခြင်း**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး–၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူး (၁၁) နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီး ဖြစ်ရာ ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လာရောက်ဖြေဆိုနိုင်ပါရန် အကြောင်းကြားအပ်ပါသည်–

| စာမေးပွဲ ကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၁၄–၁၁–၂၀၂၆ (စနေနေ့) | နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | မေးခွန်းလွှာ(၁) မြန်မာစာနှင့် အင်္ဂလိပ်စာ | ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် |
| ၁၄–၁၁–၂၀၂၆ (စနေနေ့) | မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ | မေးခွန်းလွှာ(၂) အထွေထွေ ဗဟုသုတ | ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် |

၂။ **ယူဆောင်လာရမည့် စာရွက်စာတမ်းများ**

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)

(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်း (မူရင်း) များ

၃။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် အထက်အပိုဒ် (၂) ပါ အထောက်အထား စာရွက်စာတမ်း(မူရင်း)များကို ယူဆောင်လာရန်ပျက်ကွက်ပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၄။ စာမေးပွဲဖြေဆိုသူများသည် ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်သို့ ၁၄–၁၁–၂၀၂၆ ရက် (စနေနေ့) နံနက် ၉ နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်များအား ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် ၆–၁၁–၂၀၂၆ ရက် (သောကြာနေ့) ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး Myanmar National Portal www.myanmar.gov.mm ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ Website www.mofr.gov.mm၊ ငွေတိုက်ဦးစီးဌာန၏ ကြော်ငြာသင်ပုန်း၊ ဤဦးစီးဌာန၏ Website www. treasury.gov.mm နှင့် ဤဦးစီးဌာန၏ Facebook Page (www.facebook.com/Treasury Department of Myanmar) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း–၀၆၇–၃၄၁၀၁၆၂ သို့လည်း ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၂–၁၁–၂၀၂၆ ရက်မှ ၁၃–၁၁–၂၀၂၆ ရက်အထိ ရုံးချိန်အတွင်း ဖြေဆိုခွင့်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပြ၍ ဤဦးစီးဌာနရှိရာ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂/ရွှေပေါက်ကံ၊ အောင်သဇင်– ၂ လမ်း၊ မြေကွက်အမှတ် – ၇၂၆၊ ပါမစ်မြေ အမျိုးအစား ဒေါ်တင်တင်အေး အမည်ပေါက် အလျား ၄၀ ပေ x အနံ ၆၀ ပေရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်မျက်နှာမူလျှင် လက်ယာဘက်အခြမ်း (မြေကွက်အမှတ်– ၇၂၇ နှင့်ကပ်လျက်အခြမ်း ) ၏ အလျား ၁၀ ပေ x အနံ ၆၀ ပေ (မြေပို ၅ ပေအပါ) ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံအဆိုပြုသူ ဦးကျော်စိုး (ဘ) ဦးလှလွင် (၉/တသန(နိုင်)၁၇၅၄၅၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန္တာမြင့်ဝင်း (LL.B, DBL, DML, DIL, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၃၈)**
**ဖုန်း – ၀၉–၂၅၀၅၂၈၆၁၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၂၀ )**

**တာချီလိတ်ခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈**

| | | |
|---|---|---|
| ဒေါ်ချောစုထွန်း | နှင့် | ၁။ ဦးစောအောင်<br>၂။ ဦးမိုးညွန့် |
| **တရားလို** | | **တရားပြိုင်များ** |

ဦးပိုင်အမှတ်(၄၄၆)၊ အကွက်ကြီးအမှတ်(၁)၊ မြို့ကွက်သစ်အပိုင်း(ခ)၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့နေ (၁) တရားပြိုင် ဦးစောအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချောစုထွန်းက စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်(၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်သူရ)
ခရိုင်တရားသူကြီး
တာချီလိတ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Shandong Qiaochang Modern International Co.,Ltd မှ ထုတ်လုပ်ပြီး Northern Aung Power Agro Chemical Company Limited မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါပိုးသတ်ဆေးအား ယခင်အသုံးပြုခဲ့သော ထုတ်ကုန်အမည်မှ အောက်ဖော်ပြပါအတိုင်း ပြောင်းလဲ၍ ရောင်းချမည် ဖြစ်ပါသည်–

| စဉ် | ယခင်အမည် | ပြောင်းလဲမည့် အမည် | မှတ်ပုံတင်နံပါတ် |
|---|---|---|---|
| ၁။ | Shwe Dar | Kaung Htet | P2022–6003 |

သို့ဖြစ်ပါ၍ အဆိုပါပြောင်းလဲခြင်းအား ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ထံသို့ ကြော်ငြာ ပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**Northern Aung Power Agro Chemical Company Limited**

**အမှတ် (စီအေ–၃၁၆)၊ ချယ်ရီ (၁) လမ်း၊ ပဒေသာပင်မြို့တော်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၉၁၇)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ–အမှတ်(၉၁၇)၊ သီလ(၁၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ရွှေရင်( ၁၂/ဥကတ(နိုင်)၀၃၂၃၈၈) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ရွှေရင်နှင့် (ခင်ပွန်း)ဖြစ်သူ ဦးချစ်ကြည် တို့ကွယ်လွန်ကြပြီး ၎င်းတို့၏ သားတစ်ဦးဖြစ်သူ ဦးလှထွန်းနှင့် အမည်ပေါက် မကွယ်လွန်မီက (၄၀ x ၆၀ပေ)မြေကွက်အနက်မှတရားဝင်ခွဲမစိတ်ရသေးသော(၂၇ x ၆၀ပေ)အားအရောင်းအဝယ်စာချုပ်အမှတ်(၁၉၁၈/၂၀၀၄)ဖြင့် ပိုင်ဆိုင်သူ ဦးကျော်သန်းတို့အား တရားပြိုင်ထား၍ ဒေါ်စုတင်ဇာထွဏ်း၏ အခွင့်ရကိုယ်စားလှယ် ဦးတင်သန်းဦးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးမှုဖြင့် စွဲဆိုထားသော သဃ်န်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၃၈၁/၂၀၂၃) စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် (၂၀၂/၂၀၂၅) အမိန့်တို့အရ တရားရှုံးကိုယ်စားဘိလစ် ဒေါ်နှင်းရည်ကျော် (၁၂/စခန(နိုင်)၀၇၅၂၁၇)မှ ဘိလစ်ခန့်စာ၊ ဂရန်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့ တင်ပြ၍ (Portion) အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်သော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ အောင်သပြေ (၄)လမ်း၊ မြေကွက်အမှတ်(၁၆၉/ခ)ဟုခေါ်တွင်သော (အလျားပေ ၂၅ပေ x အနံပေ ၆၀) အကျယ်အဝန်းရှိ မြေနှင့်အိမ်ကို မြေချပါမစ်အမည်ပေါက် ဦးထွန်းသိန်း (HGU–၁၃၇၂၅၁)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီးရောင်းချခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာဝေ (၁၂/သလန(နိုင်)၀၁၀၂၂၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်မင်းကောင်း (၁၂/ တမန (နိုင်)၁၀၅၈၇၈) မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မျိုးထွန်း (LL.B )၊ အထက်တန်းရှေ့နေ (စဉ်–၃၂၄၄၆)**
**ဖုန်း ၀၉–၂၅၃၃၆၇၅၄၉**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျွန်တော် ဦးထွန်းထွန်းဦး ၏ ဖခင်အမည်မှာ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် နှင့် သမိုင်းဘွဲ့ လက်မှတ်ထဲတွင် ဦးလှဝင်းဟု လည်းကောင်း အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ PGDL ဘွဲ့လက်မှတ်၊ DBL ဘွဲ့လက်မှတ်တို့တွင် ဦးလှထွန်း ဟု လည်းကောင်း အမည်နှစ်မျိုး ကွဲလွဲစွာဖော်ပြထားသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁–ရပ်ကွက်၊ ဝက်မစွတ်နဝဒေးလမ်း၊ မြေကွက်အမှတ်(၁၀၅)နေ ဒေါ်နီလာအောင်(၉/မကန(နိုင်)၁၁၄၂၅၀) ကိုင်ဆောင်သူမှ ဦးခိုင်ရွှေ၏ သားသမီးများဖြစ်သော မောင်သိန်းထွန်းဦး အသက် (၁၃)နှစ် နှင့် မသဇင်စု အသက် (၁၂) နှစ်တို့အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အမွေစားအမွေခံ ကိတ္တိမသားသမီး မွေးစားစာချုပ်အမှတ်–၈၀၅၃/၂၀၂၆ (၁–၁၀–၂၀၂၆) ရက်စွဲဖြင့် တရားဝင် မွေးစားခဲ့ပြီးကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီလာအောင်**
**အမှတ် (၁၀၅)၊ ဝက်မစွတ်နဝဒေးလမ်း၊**
**၁– ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၁၁၆၇၆၂**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် ၈သယ/၆၆၇၈ Honda Wave Alpha–110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စိုးဦး ၉/ပမန(နိုင်)၀၁၅၂၀ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုမြို့၊ အမှတ်(၂) ရပ်ကွက်ကြီး၊ ပြင်စျေးတောင်ပိုင်းရပ်နေ ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ ကိုသီဟဇော် ၅/ရဘန(နိုင်)၂၃၃၇၀၄ သည် မိဘ၏ ဆိုဆုံးမမှုကိုနာမခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်သည့်အပြင် ကြိမ်းဝါးခြင်း၊ ခြိမ်းခြောက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စတို့ကို လုံးဝ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းလင်း(ခ)ထွန်းလင်းအောင် ၅/ရဘန(နိုင်)၀၃၂၆၅၅**
**ဒေါ်သီသီမြင့် ၅/ရဘန(နိုင်)၁၆၆၈၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/80462 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co;ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ – ၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ ခွာညို(၁)လမ်း၊ မြေကွက်အမှတ်(၂၁၈)ဟုခေါ်တွင်သော မြေအကျယ်အဝန်းအလျား (၃၀)ပေ x အနံ(၆၀)ပေရှိ ဒေါ်အေးသူဇာစန်း (၁၂/ဗဟန(နိုင်)၀၁၈၆၀၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်ဖြစ်သူ ဒေါ်အေးသူဇာစန်းမှ မိမိသာပိုင်ဆိုင်ကြောင်း မိမိလက်ဝယ်၌ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး၊ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထိန်လင်းသန်း (LLB,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)**
**အမှတ် (၄၃)၊ ဟံသာဝတီ (၂၂) လမ်း၊ ၆ ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၅၀၀၁၇၁၃၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/2163 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

Ruili Cheng Shan Import and Export Trade Co.,Ltd မှထုတ်လုပ်ပြီး Shwe Pyaung Co.,Ltd မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါပိုးသတ်ဆေးအား ယခင်အသုံးပြုခဲ့သောထုတ်ကုန်အမည်မှ အောက်ဖော်ပြပါ အတိုင်း ပြောင်းလဲ၍ ရောင်းချမည် ဖြစ်ပါသည်-

| စဉ် | ယခင်အမည် | ပြောင်းလဲမည့် အမည် | မှတ်ပုံတင်နံပါတ် |
|---|---|---|---|
| ၁။ | Poe Swam Thar | Pyae Sone | P2024-6476 |

သို့ဖြစ်ပါ၍ အဆိုပါပြောင်းလဲခြင်းအား ကန့်ကွက်ရန်ရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**Shwe Pyaung Co.,Ltd**

**အမှတ်(စီအေ-၃၁၆)၊ ချယ်ရီ (၁) လမ်း၊ ပဒေသာပင်မြို့တော်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူShandong Weifang Rainbow Chemical Co., Ltd မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Rainbow Agrosciences Co., Ltd မှ OAKTHAR PHONE HLYAN COMPANY LIMITED သို့ ဖြန့်ဖြူးသူ ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| ကုန်သွယ်မှုမြန်မာအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား/အမှတ် |
|---|---|---|
| ဂိုးဒင်းနိုက် ၇၂ ဒဗလျူပီ | Cymoxanil 8% + Mancozeb 64% WP | P2023-6235 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**RAINBOW AGROSCIENCES CO., LTD**

**Phone : 09-456060160, 09-441170170**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ် RLG/7180၊ အမျိုးအမည် Toyota Landcruiser Prada TRJ ယာဉ်လက်ဝယ်ရှိသူ အမည် ဘဒ္ဒန္တဝိစက္ခဏ၊ မှတ်ပုံတင် အမှတ် ၅/မရသ(သ)၀၀၀၇၂၄ မှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ ပါသည့်ရက်မှ (၃၀) ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ် 6J/7749 ၊ အမျိုးအမည် Toyota Crown JZS171 ယာဉ်လက်ဝယ်ရှိသူ အမည် ဘဒ္ဒန္တဝိစက္ခဏ၊ မှတ်ပုံတင်အမှတ် ၅/မရသ(သ)၀၀၀၇၂၄ မှ မော်တော် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာပါသည့် ရက်မှ (၃၀) ရက် အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလှသူဇာ ၉/ပဥလ (နိုင်)၀၇၆၆၉၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း- ၀၉-၆၉၉၀၁၃၅၂၁**

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အမက (ဆင့်ကုန်း) Grade-1မှ မသွန်းလဲ့ရွှေစင်၏ မိဘအမည်မှန်မှာ ဦးဖုန်းမြင့် ၁၄/ရကန(နိုင်) ၀၃၂၈၀၀ နှင့် ဒေါ်အေးသိန်း ၁၄/ရကန(နိုင်) ၀၄၆၆၃၅ ဖြစ်ပါသည်။

**ဦးဖုန်းမြင့်-ဒေါ်အေးသိန်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၂၀)**

**တာချီလိတ်ခရိုင် တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉**

ဒေါ်ချောစုထွန်း နှင့် ၁။ ဦးမောင်မောင်
၂။ ဦးမိုးညွန့်

**တရားလို** **တရားပြိုင်များ**

အမှတ်(၄)ရပ်ကွက်၊ ကျိုင်းတုံမြို့နေ (၂)တရားပြိုင်ဦးမိုးညွန့်(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချောစုထွန်းက စာချုပ်စာတမ်းမှတ်ပုံတင်ပေး စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်( ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာ တမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖော်သူရ)
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ် တပ်ဦးသီတာ ရပ်ကွက်၊နယ်မြေ(၄)၊ အိမ်အမှတ်(၇၃) အောင်ဇဗ္ဗူလမ်းနေ ဦးထန်လမ်းတွောင် ၈/ မမန(နိုင်) ၁၅၆၈၂၆ သည် တောင်ဇလပ်သောက်ရေသန့်အမည်ဖြင့် ယခင် (mm24m 140140) ထောက်ခံချက်ဖြင့် မိဘပြည်သူများသို့ ယနေ့ချိန်ထိ နေ့စဉ်ရောင်းချခဲ့ပါသည်။ သို့ဖြစ်ပါ၍ တောင်ဇလပ်သောက်ရေသန့်အမည်ဖြင့် အတုအပအား ရောင်းချဖြန့်ဖြူးခြင်းနှင့် လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် (Facebook, Tiktok, Telegram) တို့တွင် ဂုဏ်သိက္ခာကျဆင်းစေသည့် အသရေဖျက် ထိခိုက်နစ်နာစေသော ရေးသားဖော်ပြခြင်း၊ မှတ်ချက်ရေးခြင်းများ လုံးဝမပြုလုပ်ရန် တားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ဦးထန်လမ်းတွောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းမင်းလတ်(LL.B) အထက်တန်းရှေ့နေ စဉ်- ၅၅၁၁၆**
**အောင်သစ္စာရပ်ကွက် ၊ နယ်မြေ(၁၁) ကလေးမြို့**
**ဖုန်း-၀၉ -၄၀၀ ၅၁၃၉၀၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၂၀)**

**တာချီလိတ်ခရိုင် တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉**

ဒေါ်ချောစုထွန်း နှင့် ၁။ ဦးမောင်မောင်
၂။ ဦးမိုးညွန့်

**တရားလို** **တရားပြိုင်များ**

ဦးပိုင်အမှတ်(၃၈၈)၊ အကွက်ကြီးအမှတ်(၁)၊ မြို့ကွက်သစ်အပိုင်း(ခ)၊ ဆန်ဆိုင်း(က) ရပ်ကွက်၊တာချီလိတ်မြို့နေ (၁)တရားပြိုင်ဦးမောင်မောင် (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ချောစုထွန်းက စာချုပ်စာတမ်းမှတ်ပုံတင် ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်( ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖော်သူရ)
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ထန်းတပင် အနောက်ပိုင်း လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် - ၈၀၊ မြေကွက်အမှတ် - ၃ဒီ/၁-ခ၊ အဆောက် အအုံအမှတ် - ၁၅/က၊ (၅)ထပ်တိုက်အဆောက်အအုံ၏ ၁၃ ၁/၂ ပေ x ၅၆ ပေရှိ ပထမထပ် (ခြေရင်းခန်း) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုရောင်းချသူ ဒေါ်ခင် နွယ်ထူး ၁၂/ကမရ(နိုင်)၀၅၅၀၄၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သဇင်ဝင်း ၁၂/မဘန (နိုင်) ၀၁၉၇၃၃ က ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆိုထားပြီးဖြစ်၍ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြေညာသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမြင့် B.A(Law); LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၁၇/၁၀-၈-၁၉၈၈)**
**မ-၉၃(မြေညီ)၊ ဘယသုဒ္ဓိလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 09-5167173**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၃၀) တွင်ပါရှိသော ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ တွင် ဒေါ်ဟေမာလွင်၏ တိုက် အမှတ် (၅၂၆/က + ၂၅၆/ခ) အစား တိုက်အမှတ် (၅၂၆/က + ၅၂၆/ခ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/2742 Lifan LFJ130S3F Dump Truck ယာဉ် လက်ဝယ်ရှိသူ ဦးဝေယံစိုး ၁၄/ပသန (နိုင်)၂၂၃၉၃၀ မှ ဖောင်းကြွ နံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာ ပါသည့်ရက်မှစ၍ ဖောင်းကြွ နံပါတ်ပြား အဟောင်းသည် အလို အလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

